တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအမည်စာရင်း

စဉ်	အမည်	တာဝန်
၁။	ဦးခင်ရီ	ဥက္ကဋ္ဌ
၂။	ဦးမောင်မောင်အုန်း	ဒုတိယဥက္ကဋ္ဌ

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်း

အမှတ်စဉ်	အမည်	မဲဆန္ဒနယ်
ကချင်ပြည်နယ် ၁၂ ဦး		
၁	ဦးဆင်ဆုန်း	ခေါင်လန်ဖူး
၂	ဦးမြင့်ကို	တနိုင်း
၃	ဦးရဲယ်ဒမ်းတန်	နောင်မွန်း
၄	ဦးရားနီ	ပူတာအို
၅	ဦးသက်ပိုင်ထူး	ဖားကန့်
၆	ဦးကျော်လင်း	ဗန်းမော်
၇	ဦးငွါးရဲ့ဆဲ	မချမ်းဘော
၈	ဦးထွန်းထွန်းအောင်	မိုးကောင်း
၉	ဦးစိုးဝင်း	မိုးညှင်း
၁၀	ဦးညွန့်ဝင်း	မြစ်ကြီးနား
၁၁	ဦးကျော်ဝင်း	ရွှေကူ
၁၂	ဦးကျော်ကျော်အောင်	ဝိုင်းမော်
ကယားပြည်နယ် ၄ ဦး		
၁၃	ဒေါ်မော်မော်ခိုင်	ဒီးမော့ဆို
၁၄	ဦးဆားရယ်	ဖရူဆို
၁၅	ဦးအေးမောင်	ဘောလခဲ

အမှတ်စဉ်	အမည်	မဲဆန္ဒနယ်
၁၆	ဦးမောင်ရွှေ	လွိုင်ကော်

ကရင်ပြည်နယ် ၇ ဦး

၁၇	ဒေါ်ခင်နီနီအောင်	ကော့ကရိတ်
၁၈	ဦးမြင့်ထွန်း	ကြာအင်းဆိပ်ကြီး
၁၉	ဦးစောဝင်းထိန်	ဖာပွန်
၂၀	ဦးသက်နိုင်ဦး	ဘားအံ
၂၁	ဦးခင်မောင်ချင်း	မြဝတီ
၂၂	ဒေါ်သီတာစန်း	လှိုင်းဘွဲ့
၂၃	ဦးစောဟေသားကြီး	သံတောင်ကြီး

ချင်းပြည်နယ် ၂ ဦး

၂၄	ဦးဆလိုင်းအောင်ပြည့်	တီးတိန်
၂၅	ဦးဗန်နီ	ဟားခါး

စစ်ကိုင်းတိုင်းဒေသကြီး ၂၅ ဦး

၂၆	ဦးညဏ်ထွန်း	ကနီ
၂၇	ဦးခင်မောင်သန်း	ကလေး
၂၈	ဦးတင်ထွန်းလွင်	ကလေးဝ
၂၉	ဦးတင်ဌေး	ကသာ
၃၀	ဦးမြတ်ကျော်	ကန့်ဘလူ
၃၁	ဦးစိုးကျော်နိုင်	ကျွန်းလှ

အမှတ်စဉ်	အမည်	မဲဆန္ဒနယ်
၃၂	ဦးဂုဏ်ဝမ်း	ခန္တီး
၃၃	ဦးထွန်းလွင်	ချောင်းဦး
၃၄	ဦးသက်ပုံ	စစ်ကိုင်း
၃၅	ဦးစောမောင်	ဆားလင်းကြီး
၃၆	ဦးအောင်ကိုလတ်	တမူး
၃၇	ဦးယောအေးလှ	နန်းယွန်း
၃၈	ဦးခင်မောင်ထွန်း	ဖောင်းပြင်
၃၉	ဦးကျော်မင်း	ဘုတလင်
၄၀	ဦးမြင့်စိုးဆင့်	မော်လိုက်
၄၁	ဦးဝေလင်းထွန်း	မင်းကင်း
၄၂	ဒေါ်ညွန့်ညွန့်ဌေး	မုံရွာ
၄၃	ဦးဝင်းနိုင်	မြင်းမူ
၄၄	ဦးစိုးတင့်အောင်	ရေဦး
၄၅	ဦးသန်းဝင်းထွန်း	ရွှေဘို
၄၆	ဦးမဇိုးလောင်ဝီး	လဟယ်
၄၇	ဦးဗြီးဆန်း	လေရှိုး
၄၈	ဦးစိုးပိုင်	ဝန်းသို
၄၉	ဦးနိုင်နိုင်ကျော်	ဟုမ္မလင်း
၅၀	ဦးဝင်းတင့်	အရာတော်

အမှတ်စဉ်	အမည်	မဲဆန္ဒနယ်
တနင်္သာရီတိုင်းဒေသကြီး ၁၀ ဦး		
၅၁	ဦးကျော်သူ	ကော့သောင်း
၅၂	ဦးအောင်ကျော်နှင်း	ကျွန်းစု
၅၃	ဦးအောင်ဆန်းလွင်	တနင်္သာရီ
၅၄	ဒေါက်တာကျော်ကျော်ဌေး	ထားဝယ်
၅၅	ဦးစိုးတင်	ပုလော
၅၆	ဦးအောင်လင်းလှိုင်	ဘုတ်ပြင်း
၅၇	ဦးလင်းအောင်	မြိတ်
၅၈	ဦးမင်းနိုင်	ရေဖြူ
၅၉	ဦးတင့်လွင်	လောင်းလုံး
၆၀	ဦးရဲထွန်းဝင်း	သရက်ချောင်း
ပဲခူးတိုင်းဒေသကြီး ၂၈ ဦး		
၆၁	ဦးမျိုးဆွေထွန်း	ကဝ
၆၂	ဦးဟံသာဝင်း	ကျောက်ကြီး
၆၃	ဦးကျော်ဆန်းဦး	ကျောက်တံခါး
၆၄	ဒေါ်သန္တာအောင်	ကြို့ပင်ကောက်
၆၅	ဦးကျော်မင်းထွန်း	ဇီးကုန်း
၆၆	ဒေါက်တာသန့်ဇော်လွင်	ညောင်လေးပင်
၆၇	ဒေါက်တာကျော်ဦး	တောင်ငူ

အမှတ်စဉ်	အမည်	မဲဆန္ဒနယ်
၆၈	ဦးကျော်ကျော်ဦး	ထန်းတပင်
၆၉	ဒေါ်သိဂီမြင့်ရည်	ဒိုက်ဦး
၇၀	ဦးတင့်လွင်	နတ်တလင်း
၇၁	ဦးမင်းခန့်ကျော်	ပဲခူး
၇၂	ဦးမျိုးဇော်သိမ်း	ပေါက်ခေါင်း
၇၃	ဒေါ်ဆွေဆွေသင်း	ပေါင်းတည်
၇၄	ဦးကိုကိုလွင်	ပန်းတောင်း
၇၅	ဦးမျိုး(ခ)ဦးမျိုးအောင်	ပြည်
၇၆	ဦးမြင့်ဇော်လင်း	ဖြူး
၇၇	ဒေါ်ဇာခြည်လွင်	မိုးညို
၇၈	ဦးရဲထွဋ်အောင်	မင်းလှ
၇၉	ဦးထွန်းထွန်းမိုး	ရေတာရှည်
၈၀	ဦးကျော်တိုး	ရွှေကျင်
၈၁	ဦးတင်ရွှေ	ရွှေတောင်
၈၂	ဦးကျော်သူရ	လက်ပံတန်း
၈၃	ဦးအောင်နိုင်	ဝေါ
၈၄	ဦးအောင်ဇော်လင်း	သနပ်ပင်
၈၅	ဦးဝင်းဇော်ဦး	သာယာဝတီ
၈၆	ဒေါ်ဥမ္မာမို့မို့ဇော်	သဲကုန်း

အမှတ်စဉ်	အမည်	မဲဆန္ဒနယ်
၈၇	ဦးဝင်းမြင့်	အုတ်တွင်း
၈၈	ဦးတင်ထွေး	အုတ်ဖို

မကွေးတိုင်းဒေသကြီး ၂၀ ဦး

၈၉	ဒေါ်စံပါယ်မင်း	ကံမ
၉၀	ဦးရဲတင့်	ချောက်
၉၁	ဒေါ်အိဖြူလွင်	ဂန့်ဂေါ
၉၂	ဦးမိုးမင်းဦး	ငဖဲ
၉၃	ဦးဇော်နိုင်	စလင်း
၉၄	ဦးမိုးတင်	စေတုတ္ထရာ
၉၅	ဦးတင့်ဆွေ	ဆင်ပေါင်ဝဲ
၉၆	ဦးအောင်ဇော်ထက်	ဆိပ်ဖြူ
၉၇	ဒေါက်တာကျော်ဆွေ	တောင်တွင်းကြီး
၉၈	ဦးဇော်ဌေး	နတ်မောက်
၉၉	ဦးလှဝင်းဦး	ပခုက္ကူ
၁၀၀	ဦးစန်းယုနိုင်	ပွင့်ဖြူ
၁၀၁	ဦးစိုးတင့်နိုင်	မကွေး
၁၀၂	ဦးစိုးနိုင်	မင်းတုန်း
၁၀၃	ဦးခင်မောင်ရီ	မင်းဘူး
၁၀၄	ဦးခင်မောင်ဌေး	မင်းလှ

အမှတ်စဉ်	အမည်	မဲဆန္ဒနယ်
၁၀၅	ဦးစိုးဝင်း	မြို့သစ်
၁၀၆	ဒေါ်ဝင်းမော်ထွန်း	ရေနံချောင်း
၁၀၇	ဦးနိုင်ဦးကျော်	သရက်
၁၀၈	ဦးတင်အောင်ချစ်	အောင်လံ

မန္တလေးတိုင်းဒေသကြီး ၃၃ ဦး

၁၀၉	ဦးအောင်မြင့်သန်း	ကျောက်ဆည်
၁၁၀	ဦးဝင်းမြင့်မောင်	ကျောက်ပန်းတောင်း
၁၁၁	ဦးကိုကိုဦး	ချမ်းမြသာစည်
၁၁၂	ဒေါ်မြင့်မြင့်ဌေး	ချမ်းအေးသာစံ
၁၁၃	ဦးလှမင်း	ငါန်းဇွန်
၁၁၄	ဦးထွန်းထွန်းနိုင်	စဉ့်ကိုင်
၁၁၅	ဦးခင်ရီ	ဇေယျာသီရိ
၁၁၆	ဦးမောင်မြင့်	ဇမ္ဗူသီရိ
၁၁၇	ဦးသိန်းပို	ညောင်ဦး
၁၁၈	ဦးအောင်သူ	တံတားဦး
၁၁၉	ဦးတိုးဝင်း	တောင်သာ
၁၂၀	ဦးမောင်မောင်အုန်း	တပ်ကုန်း
၁၂၁	ဦးမြတ်ဟိန်း	ဒက္ခိဏာသီရိ
၁၂၂	ဦးဝင်းနိုင်	ပုသိမ်ကြီး

အမှတ်စဉ်	အမည်	မဲဆန္ဒနယ်
၁၂၃	ဦးလှဆွေ	ပုဗ္ဗသီရိ
၁၂၄	ဦးသောင်းအေး	ပျော်ဘွယ်
၁၂၅	ဦးခင်မောင်ဌေး	ပျဉ်းမနား
၁၂၆	ဦးမြထွန်းဦး	ပြင်ဦးလွင်
၁၂၇	ဦးအောင်နိုင်ဦး	ပြည်ကြီးတံခွန်
၁၂၈	ဦးအောင်ကျော်သူ	မလှိုင်
၁၂၉	ဦးစိုးနိုင်	မဟာအောင်မြေ
၁၃၀	ဦးလှမြင့်	မတ္တရာ
၁၃၁	ဒေါက်တာမောင်သင်း	မိတ္ထီလာ
၁၃၂	ဒေါ်ပြုံးကြည်	မြင်းခြံ
၁၃၃	ဦးစန်းမြင့်	မြစ်သား
၁၃၄	ဦးညွန့်ဆောင်	ရမည်းသင်း
၁၃၅	ဦးဝင်းဌေး	လယ်ဝေး
၁၃၆	ဦးမျိုးမြင့်သိန်း	ဝမ်းတွင်း
၁၃၇	ဒေါ်အေးမြမြစိုး	သပိတ်ကျင်း
၁၃၈	ဒေါ်ကြူကြူမော်	သာစည်
၁၃၉	ဦးသိန်းထွန်းဦး	အမရပူရ
၁၄၀	ဦးတေဇကျော်	အောင်မြေသာစံ
၁၄၁	ဦးတင်အောင်စန်း	ဥတ္တရသီရိ

အမှတ်စဉ်	အမည်	မဲဆန္ဒနယ်
မွန်ပြည်နယ် ၁၀ ဦး		
၁၄၂	ဦးစိုးလှ	ကျိုက်ထို
၁၄၃	ဦးမျိုးမြင့်	ကျိုက်မရော
၁၄၄	ဦးစိုးသူ	ချောင်းဆုံ
၁၄၅	ဦးဗိုလ်ဝင်း	ပေါင်
၁၄၆	ဒေါက်တာခင်မောင်သွင်	ဘီးလင်း
၁၄၇	မင်းဝဏ္ဏကြီး	မုဒုံ
၁၄၈	ဒေါ်ဥမ္မာဌေး	မော်လမြိုင်
၁၄၉	ဒေါ်မြင့်သန်း	ရေး
၁၅၀	ဦးကျော်မြင့်	သထုံ
၁၅၁	ဦးသန်းရွှေ	သံဖြူဇရပ်
ရခိုင်ပြည်နယ် ၃ ဦး		
၁၅၂	ဦးသန်းအေး	ကျောက်ဖြူ
၁၅၃	ဦးစန်းငွေ	စစ်တွေ
၁၅၄	ဦးကျော်သန်း	မာန်အောင်
ရန်ကုန်တိုင်းဒေသကြီး ၄၅ ဦး		
၁၅၅	ဦးကိုကိုသင်း	ကမာရွတ်
၁၅၆	ဦးအောင်မျိုးသန်း	ကော့မှူး
၁၅၇	ဦးညီစော	ကိုကိုးကျွန်း

အမှတ်စဉ်	အမည်	မဲဆန္ဒနယ်
၁၅၈	ဦးမျိုးသိန်း(ခ)ဦးမြသိန်း	ကျောက်တံတား
၁၅၉	ဦးနိုင်ဝင်း	ကျောက်တန်း
၁၆၀	ဦးခင်လှိုင်	ကြည့်မြင်တိုင်
၁၆၁	ဦးသန့်ဇော်	ကွမ်းခြံကုန်း
၁၆၂	ဦးဝင်းဆွေ	ခရမ်း
၁၆၃	ဦးမျိုးသန့်	စမ်းချောင်း
၁၆၄	ဒေါက်တာထွန်းထွန်းဝင်း	ဆိပ်ကြီး/ခနောင်တို
၁၆၅	ဦးထွန်းအုံ	တာမွေ
၁၆၆	ဦးခင်မောင်မြင့်	တိုက်ကြီး
၁၆၇	ဒေါက်တာမျိုးအောင်	တောင်ဥက္ကလာပ
၁၆၈	ဦးဝင်းမြင့်	တွံတေး
၁၆၉	ဦးသိန်းရီ	ထန်းတပင်
၁၇၀	ဒေါက်တာနန္ဒကျော်စွာ	ဒဂုံ
၁၇၁	ဒေါက်တာရွှေပြည်စိုး	ဒဂုံမြို့သစ် (ဆိပ်ကမ်း)
၁၇၂	ဒေါ်စမ်းစမ်းဌေး	ဒဂုံမြို့သစ် (တောင်ပိုင်း)
၁၇၃	ဦးတင့်ဝေ	ဒဂုံမြို့သစ် (မြောက်ပိုင်း)

အမှတ်စဉ်	အမည်	မဲဆန္ဒနယ်
၁၇၄	ဒေါ်အေးအေးမြင့်	ဒဂုံမြို့သစ် (အရှေ့ပိုင်း)
၁၇၅	ဦးတင်မြင့်	ဒလ
၁၇၆	ဦးဝင်းကျော်	ဒေါပုံ
၁၇၇	ဦးကျော်စန်းဦး	ပုဇွန်တောင်
၁၇၈	ဦးတင်ထွဋ်	ပန်းဘဲတန်း
၁၇၉	ဒေါက်တာလှတင့်	ဗဟန်း
၁၈၀	ဦးဉာဏ်ဝင်းထိုက်	ဗိုလ်တထောင်
၁၈၁	ဒေါက်တာသက်ခိုင်ဝင်း	မရမ်းကုန်း
၁၈၂	ဦးစိုင်းလင်းလင်းထွဏ်း	မင်္ဂလာတောင်ညွန့်
၁၈၃	ဦးခင်မောင်ဆင့်	မင်္ဂလာဒုံ
၁၈၄	ဦးနေလင်းအောင်	မြောက်ဥက္ကလာပ
၁၈၅	ဒေါက်တာနေလင်း	မှော်ဘီ
၁၈၆	ဦးတင်မိုးအောင်(ခ)နေရှိုင်း	ရန်ကင်း
၁၈၇	ဒေါ်စန်းစန်းနွယ်	ရွှေပြည်သာ
၁၈၈	ဦးလှတင့်	လသာ
၁၈၉	ဦးရန်မျိုးအောင်သိန်း	လမ်းမတော်
၁၉၀	ဦးမောင်မောင်တင့်	လှိုင်
၁၉၁	ဦးအောင်ကျော်ဟိုး	လှိုင်သာယာ (အနောက်ပိုင်း)

အမှတ်စဉ်	အမည်	မဲဆန္ဒနယ်
၁၉၂	ဦးအေးချမ်း	လှိုင်သာယာ (အရှေ့ပိုင်း)
၁၉၃	ဦးခင်မောင်စိုး	လှည်းကူး
၁၉၄	ဒေါ်အေးမြမြကြိုင်	သာကေတ
၁၉၅	ဦးမိုးမြင့်	သန်လျင်
၁၉၆	ဒေါ်သန်းသန်းအေး	သဃ်ိန်းကျွန်း
၁၉၇	ဦးအောင်ကျော်မင်း	သုံးခွ
၁၉၈	ဦးကုဋ္ဌေထွန်း	အလုံ
၁၉၉	ဦးငြိမ်းထွေး	အင်းစိန်

ရှမ်းပြည်နယ် ၃၈ ဦး

၂၀၀	ဒေါက်တာနန္ဒာလှမြင့်	ကလော
၂၀၁	ဒေါ်နန်းတင်ဦး	ကျေးသီး
၂၀၂	ဦးအေးထွန်း	ကျောက်မဲ
၂၀၃	ဦးသန်းထွန်းဦး	ကျိုင်းတုံ
၂၀၄	ဦးစိုင်းကျော်လှ	ကွန်ဟိန်း
၂၀၅	ခွန်လှသိန်း	ဆီဆိုင်
၂၀၆	ဒေါက်တာရဲမြင့်စိုး	ညောင်ရွှေ
၂၀၇	ဦးကျော်ငြိမ်းအောင်	တာချီလိတ်
၂၀၈	နန်းကျင်း(ခ)နန်းစိန်	တောင်ကြီး

အမှတ်စဉ်	အမည်	မဲဆန္ဒနယ်
၂၀၉	ဦးစိုင်းဆန်စိန်	တန့်ယန်း
၂၁၀	ဦးကျော်မြင့်နိုင်	နောင်ချို
၂၁၁	ဦးဌေးလွင်(ခ)ဦးဒီလုံး	နမ့်စန်
၂၁၂	နန်းရီရီဝင်း	ပင်လောင်း
၂၁၃	ဦးဝင်းဇော်	ပင်းတယ
၂၁၄	ဒေါ်ရီရီလှိုင်	ဖယ်ခုံ
၂၁၅	ဦးအောင်ဇော်မိုး(ခ)အောင်ဇော်မိုးထွန်း	မူဆယ်
၂၁၆	ဦးစိုင်းထွန်းလင်း	မိုးနဲ
၂၁၇	ဦးရန်ကျော်	မက်မန်း
၂၁၈	စိုင်းဆိုင်နော်	မောက်မယ်
၂၁၉	ဒေါ်နန်းသန်းသန်းမွေး	မိုင်းကိုင်
၂၂၀	စိုင်းဝန်းဆမ်	မိုင်းခတ်
၂၂၁	စိုင်းမိုးဇော်ဦး	မိုင်းဆတ်
၂၂၂	ဦးထင်အောင်ရှိန်	မိုင်းတုံ
၂၂၃	ဦးဖြိုးဇော်စိုး	မိုင်းပန်
၂၂၄	ဦးစိုင်းလောင်း	မိုင်းပျဉ်း
၂၂၅	ဦးလင်းဇော်ထွန်း	မိုင်းဖြတ်
၂၂၆	စိုင်းအောင်ခမ်း	မိုင်းယောင်း
၂၂၇	စိုင်းဆမ်	မိုင်းယန်း

အမှတ်စဉ်	အမည်	မဲဆန္ဒနယ်
၂၂၈	ဦးစိုင်းအောင်ညွန့်	မိုင်းရယ်
၂၂၉	ဦးစိုင်းကံ	မိုင်းရှူး
၂၃၀	ဒေါက်တာပွင့်ဆန်း	ရပ်စောက်
၂၃၁	ဦးလူဇော်	ရွာငံ
၂၃၂	ဒေါက်တာမျိုးထွန်း	လားရှိုး
၂၃၃	စိုင်းစိန်ဝင်း	လဲချား
၂၃၄	စိုင်းထွန်းစံ(ခ)စိုင်းဆေဟန်	လင်းခေး
၂၃၅	ဦးခွန်အောင်ဆန်း	လွိုင်လင်
၂၃၆	ဦးကောင်းသက်စံ	သီပေါ
၂၃၇	ခွန်ကောင်းချစ်ထွန်း	ဟိုပုံး

ဧရာဝတီတိုင်းဒေသကြီး ၂၆ ဦး

၂၃၈	ဒေါ်ခင်စောမူ	ကန်ကြီးထောင့်
၂၃၉	ဒေါက်တာအောင်ကြီး	ကျိုက်လတ်
၂၄၀	ဒေါက်တာထိန်ဝင်း	ကျောင်းကုန်း
၂၄၁	ဦးဇော်မင်း	ကျုံပျော်
၂၄၂	ဦးနိုင်မင်းဦး	ကြံခင်း
၂၄၃	ဒေါ်ခင်သန်းမြင့်	ငပုတော
၂၄၄	ဦးလှခိုင်	ဇလွန်
၂၄၅	ဦးအောင်မြသန်း	ညောင်တုန်း

အမှတ်စဉ်	အမည်	မဲဆန္ဒနယ်
၂၄၆	ဦးအောင်သန်းမြင့်	ဒေးဒရဲ
၂၄၇	ဦးနိုင်ဝင်း	ဓနုဖြူ
၂၄၈	ဦးသန်းထွန်း	ပုသိမ်
၂၄၉	ဦးကျော်မင်းသန်း	ပန်းတနော်
၂၅၀	ဒေါ်စိုးစိုးရီ	ဖျာပုံ
၂၅၁	ဦးစန်းမောင်	ဘိုကလေး
၂၅၂	ဦးကံမြင့်သန်း	မအူပင်
၂၅၃	ဦးခင်မောင်ဝင်း	မော်လမြိုင်ကျွန်း
၂၅၄	ဒေါ်မြင့်စန္ဒာအောင်	မြောင်းမြ
၂၅၅	ဦးအောင်ဝင်းဆွေ	မြန်အောင်
၂၅၆	ဒေါ်အိအိချော	ရေကြည်
၂၅၇	ဦးဝင်းဆွေ(ခ)ဦးဝင်းရွှေ	လပွတ္တာ
၂၅၈	ဦးမြင့်စိုး	လေးမျက်နှာ
၂၅၉	ဦးသန်းနိုင်	ဝါးခယ်မ
၂၆၀	ဦးမောင်မောင်စိုး	သာပေါင်း
၂၆၁	ဦးဌေးဝင်း	ဟသ်ာတ
၂၆၂	ဒေါက်တာဌေးဝင်း	အင်္ဂပူ
၂၆၃	ဦးတင်ဦး	အိမ်မဲ

အမှတ်စဉ်　　အမည်

တပ်မတော်သားကိုယ်စားလှယ် ၁၁၀ ဦး

၂၆၄　　ကြည်း ၂၄၉၀၄ ဗိုလ်ချုပ်ရဲကျော်သူ

၂၆၅　　ကြည်း ၂၅၀၇၀ ဗိုလ်မှူးချုပ်စိုးညွန့်

၂၆၆　　ကြည်း ၂၁၈၇၉ ဗိုလ်မှူးချုပ်အောင်စိုး

၂၆၇　　ကြည်း ၂၂၇၇၀ ဗိုလ်မှူးချုပ်ညီညီအောင်

၂၆၈　　ကြည်း ၂၃၉၅၅ ဗိုလ်မှူးချုပ်မြတ်ကို

၂၆၉　　ကြည်း ၂၄၁၄၃ ဗိုလ်မှူးချုပ်ဇော်မင်းအောင်

၂၇၀　　ကြည်း ၂၈၃၈၀ ဗိုလ်မှူးချုပ်မင်းကြည်

၂၇၁　　ကြည်း ၂၈၇၀၂ ဗိုလ်မှူးချုပ်ဝင်းမြိုင်

၂၇၂　　ကြည်း ၂၉၅၇၈ ဗိုလ်မှူးချုပ်မျိုးမင်းအောင်

၂၇၃　　ကြည်း ၃၃၄၆၆ ဗိုလ်မှူးချုပ်ဉာဏ်သိန်းဦး

၂၇၄　　ရေ ၃၄၇၀ ဗိုလ်မှူးချုပ်ရဲလွင်

၂၇၅　　လေ ၂၄၂၃ ဗိုလ်မှူးကြီးခန့်နေသွေး

၂၇၆　　ကြည်း ၂၀၆၈၃ ဗိုလ်မှူးကြီးအောင်ကျော်ဦး

၂၇၇　　ကြည်း ၂၃၃၅၃ ဗိုလ်မှူးကြီးဝင်းကိုကို

၂၇၈　　ကြည်း ၂၃၆၇၆ ဗိုလ်မှူးကြီးဒေါ်စိုးမိုးခိုင်

၂၇၉　　ကြည်း ၂၆၀၆၉ ဗိုလ်မှူးကြီးဒေါ်ခင်စိုးဝင်း

၂၈၀　　ကြည်း ၂၆၀၈၁ ဗိုလ်မှူးကြီးဒေါ်ဥမ္မာစော

၂၈၁　　ကြည်း ၂၆၀၈၇ ဗိုလ်မှူးကြီးအောင်နိုင်

အမှတ်စဉ်	အမည်
၂၈၂	ကြည်း ၂၆၁၃၀ ဗိုလ်မှူးကြီးနေမျိုးဝေ
၂၈၃	ကြည်း ၂၇၄၈၅ ဗိုလ်မှူးကြီးမြင့်ဇော်
၂၈၄	ကြည်း ၂၈၂၆၅ ဗိုလ်မှူးကြီးသန့်စင်အောင်
၂၈၅	ကြည်း ၂၈၃၀၀ ဗိုလ်မှူးကြီးအေးဝင်း
၂၈၆	ကြည်း ၃၁၁၇၈ ဗိုလ်မှူးကြီးထွန်းနိုင်မင်း
၂၈၇	ကြည်း ၃၃၁၄၇ ဗိုလ်မှူးကြီးမျိုးမင်းထွန်း
၂၈၈	ကြည်း ၃၄၀၀၉ ဗိုလ်မှူးကြီးဝင်းကိုဦး
၂၈၉	ကြည်း ၃၄၁၆၅ ဗိုလ်မှူးကြီးမြင့်ကို
၂၉၀	ရေ ၃၉၃၇ ဗိုလ်မှူးကြီးကိုကိုမောင်
၂၉၁	ရေ ၃၉၇၂ ဗိုလ်မှူးကြီးမင်းဝေ
၂၉၂	လေ ၂၃၂၆ ဗိုလ်မှူးကြီးအောင်ကျော်ဦး
၂၉၃	ကြည်း ၃၆၇၅၅ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်
၂၉၄	လေ ၂၈၂၂ ဒုတိယဗိုလ်မှူးကြီးအောင်ကိုမြင့်
၂၉၅	ကြည်း ၂၂၄၆၂ ဒုတိယဗိုလ်မှူးကြီးထွန်းလင်းဦး
၂၉၆	ကြည်း ၂၃၁၃၆ ဒုတိယဗိုလ်မှူးကြီးဒေါ်ဝင်းဝင်းချို
၂၉၇	ကြည်း ၂၃၆၇၅ ဒုတိယဗိုလ်မှူးကြီးဒေါ်ခင်ဥမ္မာကြိုင်
၂၉၈	ကြည်း ၂၄၀၉၁ ဒုတိယဗိုလ်မှူးကြီးအောင်မင်းဆွေ
၂၉၉	ကြည်း ၂၄၂၃၀ ဒုတိယဗိုလ်မှူးကြီးလှနိုင်
၃၀၀	ကြည်း ၂၅၂၅၇ ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း

အမှတ်စဉ်	အမည်
၃၀၁	ကြည်း ၂၅၅၁၅ ဒုတိယဗိုလ်မှူးကြီးဒေါ်ခိုင်ခိုင်စု
၃၀၂	ကြည်း ၂၇၀၆၆ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်လင်း
၃၀၃	ကြည်း ၂၇၂၇၃ ဒုတိယဗိုလ်မှူးကြီးကျော်သူဦး
၃၀၄	ကြည်း ၂၇၃၄၉ ဒုတိယဗိုလ်မှူးကြီးအေးခိုင်
၃၀၅	ကြည်း ၂၇၄၀၉ ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း
၃၀၆	ကြည်း ၂၇၄၃၉ ဒုတိယဗိုလ်မှူးကြီးသန့်ဇင်
၃၀၇	ကြည်း ၂၈၂၀၇ ဒုတိယဗိုလ်မှူးကြီးဇေယျာမင်း
၃၀၈	ကြည်း ၂၈၂၈၀ ဒုတိယဗိုလ်မှူးကြီးဇော်မြင့်သူ
၃၀၉	ကြည်း ၂၈၂၈၆ ဒုတိယဗိုလ်မှူးကြီးဇော်မင်းဦး
၃၁၀	ကြည်း ၂၈၄၅၁ ဒုတိယဗိုလ်မှူးကြီးအောင်နီ
၃၁၁	ကြည်း ၂၈၅၂၁ ဒုတိယဗိုလ်မှူးကြီးမော်သူရိန်
၃၁၂	ကြည်း ၂၉၃၉၂ ဒုတိယဗိုလ်မှူးကြီးကျော်သူထက်
၃၁၃	ကြည်း ၂၉၆၆၃ ဒုတိယဗိုလ်မှူးကြီးဇော်မျိုးထက်
၃၁၄	ကြည်း ၃၀၀၆၄ ဒုတိယဗိုလ်မှူးကြီးဇော်မျိုးထွန်း
၃၁၅	ကြည်း ၃၀၅၅၁ ဒုတိယဗိုလ်မှူးကြီးမြစန်း
၃၁၆	ကြည်း ၃၁၂၂၈ ဒုတိယဗိုလ်မှူးကြီးကျော်သူရ
၃၁၇	ကြည်း ၃၁၂၅၇ ဒုတိယဗိုလ်မှူးကြီးမောင်ဝေ
၃၁၈	ကြည်း ၃၁၃၇၂ ဒုတိယဗိုလ်မှူးကြီးတင်သောင်းလင်း
၃၁၉	ကြည်း ၃၁၃၇၆ ဒုတိယဗိုလ်မှူးကြီးထိန်လင်း

အမှတ်စဉ်	အမည်
၃၂၀	ကြည်း ၃၁၆၄၄ ဒုတိယဗိုလ်မှူးကြီးနေလင်းအောင်
၃၂၁	ကြည်း ၃၁၈၂၇ ဒုတိယဗိုလ်မှူးကြီးနိုင်လင်း
၃၂၂	ကြည်း ၃၂၃၆၄ ဒုတိယဗိုလ်မှူးကြီးမျိုးသူအောင်
၃၂၃	ကြည်း ၃၃၅၀၄ ဒုတိယဗိုလ်မှူးကြီးမင်းဇော်လင်း
၃၂၄	ကြည်း ၃၃၅၃၁ ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်းဌေး
၃၂၅	ကြည်း ၃၅၅၉၇ ဒုတိယဗိုလ်မှူးကြီးထွန်းလင်းနိုင်
၃၂၆	ကြည်း ၃၅၆၅၀ ဒုတိယဗိုလ်မှူးကြီးဉာဏ်ဝေဖြိုး
၃၂၇	ကြည်း ၃၇၁၅၃ ဒုတိယဗိုလ်မှူးကြီးဇာနည်မော်ဝင်း
၃၂၈	ကြည်း ၃၇၄၆၃ ဒုတိယဗိုလ်မှူးကြီးလွင်မောင်စိုး
၃၂၉	ကြည်း ၃၉၀၀၀ ဒုတိယဗိုလ်မှူးကြီးဉာဏ်မင်းမောင်
၃၃၀	ကြည်း ၃၉၀၅၁ ဒုတိယဗိုလ်မှူးကြီးကျော်ဇင်လတ်
၃၃၁	ကြည်း ၃၉၅၈၂ ဒုတိယဗိုလ်မှူးကြီးထွန်းလင်းမောင်
၃၃၂	ကြည်း ၄၂၅၂၄ ဒုတိယဗိုလ်မှူးကြီးကျော်စွာဝင်း
၃၃၃	ကြည်း ၄၂၅၇၇ ဒုတိယဗိုလ်မှူးကြီးဉာဏ်ထွဋ်ဆွေ
၃၃၄	အင်နှ် ၆၆၅ ဒုတိယဗိုလ်မှူးကြီးဒေါ်လင်းလင်းကို
၃၃၅	ကြည်း ၂၅၂၉၅ ဗိုလ်မှူးဇော်ဇော်မိုး
၃၃၆	ကြည်း ၂၉၇၉၁ ဗိုလ်မှူးတင်လင်း
၃၃၇	ကြည်း ၃၃၁၂၁ ဗိုလ်မှူးဉာဏ်မျိုးကျော်
၃၃၈	ကြည်း ၃၄၇၅၂ ဗိုလ်မှူးစောကျော်အောင်

အမှတ်စဉ်	အမည်
၃၃၉	ကြည်း ၃၄၇၆၅ ဗိုလ်မှူးသက်စိုးအောင်
၃၄၀	ကြည်း ၃၆၄၄၃ ဗိုလ်မှူးမျိုးသန့်
၃၄၁	ကြည်း ၃၇၇၀၁ ဗိုလ်မှူးဝင်းဟန်
၃၄၂	ကြည်း ၃၈၁၀၂ ဗိုလ်မှူးတင်နိုင်ဝင်း
၃၄၃	ကြည်း ၄၃၆၇၃ ဗိုလ်မှူးဝေယံအောင်
၃၄၄	ကြည်း ၄၅၃၀၃ ဗိုလ်မှူးလင်းအောင်သက်
၃၄၅	ကြည်း ၄၅၃၉၈ ဗိုလ်မှူးရဲလင်းထက်
၃၄၆	ကြည်း ၄၆၆၄၃ ဗိုလ်မှူးလင်းထိုက်အောင်
၃၄၇	ကြည်း ၄၆၇၀၇ ဗိုလ်မှူးဖြိုးသူခန့်
၃၄၈	ကြည်း ၄၆၇၇၇ ဗိုလ်မှူးအောင်မျိုးဝင်း
၃၄၉	ကြည်း ၄၈၇၅၂ ဗိုလ်မှူးရဲနောင်ဇော်
၃၅၀	ကြည်း ၄၉၈၈၆ ဗိုလ်မှူးဇင်မင်းကို
၃၅၁	ကြည်း ၅၁၈၄၉ ဗိုလ်မှူးနေလွင်ထူး
၃၅၂	ကြည်း ၅၂၅၄၈ ဗိုလ်မှူးဇော်ဖြိုးအောင်
၃၅၃	ကြည်း ၅၂၆၉၀ ဗိုလ်မှူးအောင်ဖြိုးဝေ
၃၅၄	လေ ၂၅၉၉ ဗိုလ်မှူးစိုးမင်းအေး
၃၅၅	လေ ၂၇၄၁ ဗိုလ်မှူးမိုးဦးကျော်
၃၅၆	အင်နှ ၆၂၈ ဗိုလ်မှူးဒေါသူဇာရွှေ
၃၅၇	အင်နှ ၆၃၇ ဗိုလ်မှူးဒေါခင်သူဇာ

အမှတ်စဉ်	အမည်
၃၅၈	အင်နှ် ၆၄၅ ဗိုလ်မှူးဒေါ်ဖြူဖြူဖွေးမြင့်
၃၅၉	အင်နှ် ၇၄၈ ဗိုလ်မှူးဒေါ်ခင်မင်းမင်းမြတ်
၃၆၀	အင်နှ် ၇၈၂ ဗိုလ်မှူးဒေါ်နွယ်နီလာအေး
၃၆၁	အင်နှ် ၈၀၂ ဗိုလ်မှူးဒေါ်စန္ဒာသန်း
၃၆၂	အင်နှ် ၈၅၀ ဗိုလ်ကြီးဒေါ်သန်းသန်းဝင်း
၃၆၃	ကြည်း ၆၀၈၈၃ ဗိုလ်ကြီးထွန်းလင်းဟန်
၃၆၄	ကြည်း ၆၃၁၀၈ ဗိုလ်ကြီးဒေါ်သိမ့်သိဂီထွေးအောင်
၃၆၅	ကြည်း ၆၇၄၉၆ ဗိုလ်ကြီးဒေါ်ယမင်းအောင်
၃၆၆	ကြည်း ၆၇၄၉၉ ဗိုလ်ကြီးဒေါ်အိအိထွန်း
၃၆၇	ကြည်း ၆၇၅၀၀ ဗိုလ်ကြီးဒေါ်အိန္ဒာဦး
၃၆၈	ကြည်း ၆၇၅၁၇ ဗိုလ်ကြီးဒေါ်ခင်ငြိမ်းချမ်း
၃၆၉	ကြည်း ၆၉၄၁၂ ဗိုလ်ကြီးပိုင်ဇင်ဦး
၃၇၀	ကြည်း ၆၉၅၉၉ ဗိုလ်ကြီးရဲလင်းနိုင်
၃၇၁	ကြည်း ၇၀၂၀၈ ဗိုလ်ကြီးဒေါ်နှင်းဝေဝေသန်း
၃၇၂	အင်နှ် ၉၁၇ ဗိုလ်ကြီးဒေါ်မာမာမြင့်
၃၇၃	အင်နှ် ၉၂၈ ဗိုလ်ကြီးဒေါ်သဇင်လှိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
ပထမနေ့မှတ်တမ်း

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်)
(တနလင်္ဂနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးပထမနေ့ကို နံနက် ၁၀:၀၀ အချိန်၌ စတင်ကျင်းပပါသည်။

[သဘာပတိအဖြစ် ဒေါက်တာနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်ရီတို့က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀:၀၀။

အခမ်းအနားမှူး။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပပါတော့မယ်။

၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၊ နည်းဥပဒေခွဲ (က) အရ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ အရ တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်များကို ကြုံတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

သဘာပတိတင်မြှောက်ခြင်း

အခမ်းအနားမှူး။ ။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၅ နဲ့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆ တို့အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ခြင်းပြီးသည်အထိ အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲနိုင်ဖို့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား သဘာပတိအဖြစ်တင်မြှောက်ရမှာဖြစ်ပါတယ်။

သဘာပတိတင်မြှောက်နိုင်ဖို့အတွက် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇ အရ သဘာပတိလောင်းအမည်စာရင်းတင်သွင်းရမှာဖြစ်ပါတယ်။ သဘာပတိလောင်းအမည်စာရင်း တင်သွင်း

လိုတဲ့ လွတ်တော်ကိုယ်စားလှယ်များဟာ အမည်စာရင်းတင်သွင်းလွှာပုံစံကို ကျွန်တော့်ထံမှ လက်မှတ်ရေးထိုးထုတ်ယူပြီး အမည်စာရင်းတင်သွင်းနိုင်ပါတယ်။

အမည်စာရင်းတင်သွင်းခံရသူဟာ သဘာပတိအဖြစ် တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီးဖြစ်ရပါမယ်။ အမည်စာရင်းတင်သွင်းသူဟာ အမည်စာရင်းတင်သွင်းလွှာမှာ လိုအပ်တဲ့အချက်အလက်များကိုဖြည့်သွင်းပြီး ကျွန်တော့်ထံ ပြန်လည်ပေးအပ်ဖို့ ဖြစ်ပါတယ်။ အမည်စာရင်းတင်သွင်းလွှာပုံစံများကို ကျွန်တော့်ထံမှ လာရောက်ထုတ်ယူကြဖို့ ဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် သဘာပတိလောင်းအမည်စာရင်း တင်သွင်းလွှာများထုတ်ယူကြပါသည်။]

အခမ်းအနားမှူး။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘာပတိလောင်း အမည်စာရင်းတင်သွင်းလွှာပုံစံ ထုတ်ယူတဲ့အရေအတွက်ဟာ နှစ်စောင်ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့ အရေအတွက်ဟာ နှစ်စောင် ဖြစ်ပါတယ်။

အခမ်းအနားမှူး။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘာပတိလောင်းအဖြစ် အမည်စာရင်းတင်သွင်းရာမှာ ဒေါက်တာနန္ဒကျော်စွာ၊ ဒဂုံမဲဆန္ဒနယ်ကို ဦးသက်နိုင်ဦး၊ ဘားအံမဲဆန္ဒနယ်က အမည်စာရင်းတင်သွင်းပြီး ဦးဆလိုင်းအောင်ပြည့်၊ တီးတိန်မဲဆန္ဒနယ်က ထောက်ခံထားပါတယ်။ ဒါ့အပြင် စိုင်းစိန်ဝင်း၊ လဲချားမဲဆန္ဒနယ်ကို စိုင်းထွန်းစံ(ခ)စိုင်းဆေဟန်၊ လင်းခေးမဲဆန္ဒနယ်က အမည်စာရင်းတင်သွင်းပြီး ဒေါ်နန်းတင်ဦး၊ ကျေးသီးမဲဆန္ဒနယ်က ထောက်ခံထားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘာပတိလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူများကို အက္ခရာစဉ်အလိုက်ကြေညာပါမယ်။ (၁) စိုင်းစိန်ဝင်း၊ လဲချားမဲဆန္ဒနယ်၊ (၂) ဒေါက်တာနန္ဒကျော်စွာ၊ ဒဂုံမဲဆန္ဒနယ်တို့ဖြစ်ပါတယ်။ သဘာပတိလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက်ပိုသည့်အတွက် သဘာပတိတင်မြှောက်ရာမှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈ အရ ဆန္ဒမဲပေးခြင်းကို စက်ခလုတ်အသုံးပြုပြီး လျှို့ဝှက်ဆန္ဒမဲပေးသည့် နည်းလမ်းနှင့်အညီ ဆောင်ရွက်မှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုသဘာပတိရွေးချယ်ရန်အတွက် စက်ခလုတ်အသုံးပြုပြီး လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရန်အသင့်ဆောင်ရွက်ပြီးဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဆန္ဒမဲပေးရာတွင် ထောက်ခံလိုပါက အစိမ်းရောင် (အပေါင်းအမှတ်အသား)၊ ကန့်ကွက်လိုပါက အနီရောင် (အနုတ်အမှတ်အသား) နှင့် ကြားနေလိုပါက လိမ္မော်ရောင် (ကြက်ခြေခတ်အမှတ်အသား) သင်္ကေတသုံးခုအနက် တစ်ခုကို နှိပ်ရမှာဖြစ်ပါတယ်။ ခလုတ်နှိပ်ခြင်းနှင့်ပတ်သက်လို့ ကျွန်တော်က ဆန္ဒမဲပေးကြဖို့အသင့်ရှိစေလိုပါတယ်လို့ ကြေညာတာနှင့် လွှတ်တော်အစည်းအဝေးခန်းမမျက်နှာစာရှိ LED Board မှာ အစိမ်းရောင်အချက်ပြမီးတန်း ပေါ်လာပါမယ်။ ဒီလိုဖြစ်လာတာနှင့် တစ်ပြိုင်နက် ကျွန်တော်က ဆန္ဒမဲပေးနိုင်ကြပါပြီလို့ ဖိတ်ခေါ်တဲ့အချိန်ကစပြီး အချက်ပြမီးတန်း

လင်းခြည်မှိတ်ခြည်ဖြစ်လာပါမယ်။ အချက်ပြမီးတန်းမငြိမ်မိ မိမိဆန္ဒရှိရာ ဆန္ဒမဲပေးအမှတ်အသား သင်္ကေတကိုနှိပ်ရပါမယ်။

အစိမ်းရောင်အချက်ပြမီးတန်းဟာ ဆန္ဒမဲပေးဖို့ သတ်မှတ်ထားတဲ့ စက္ကန့် ၃၀ ပြည့်တာနဲ့ ငြိမ်သွားပါမယ်။ ဆန္ဒမဲပေးစက်ခလုတ်ကို မှားယွင်းနှိပ်မိလို့ ပြင်ဆင်လိုပါက အစိမ်းရောင်အချက်ပြမီးတန်းငြိမ်မသွားမီအချိန်အတွင်း မိမိအမှန်တကယ်ဆန္ဒမဲပေးလိုတဲ့ ဆန္ဒမဲပေးအမှတ်အသားသင်္ကေတကို ထပ်မံနှိပ်ဖို့ဖြစ်ပါတယ်။ အစိမ်းရောင်အချက်ပြမီးတန်း ငြိမ်မသွားမီအချိန်အတွင်း နောက်ဆုံးနှိပ်တဲ့ ဆန္ဒမဲပေးအမှတ်အသားသင်္ကေတဟာ ဆန္ဒမဲပေးခြင်းအတွက် အတည်ဖြစ်ပါတယ်။

မိမိထောက်ခံလိုတဲ့ သဘာပတိလောင်းတစ်ဦးအား အစိမ်းရောင်ဆန္ဒမဲပေးအမှတ်အသားသင်္ကေတကိုနှိပ်၍ ထောက်ခံဆန္ဒမဲပေးပြီးလျှင် အခြားယှဉ်ပြိုင်အရွေးခံသည့် ပုဂ္ဂိုလ်တစ်ဦးအား ထပ်မံ၍ ထောက်ခံသည့်အစိမ်းရောင်ဆန္ဒမဲပေးအမှတ်အသားသင်္ကေတကို မနှိပ်မိစေရန် သတိပြုစေလိုပါတယ်။ မိမိထောက်ခံလိုသော သဘာပတိလောင်းတစ်ဦးတည်းကိုသာ အစိမ်းရောင်ဆန္ဒမဲပေး အမှတ်အသားသင်္ကေတနှိပ်ပြီး ထောက်ခံဆန္ဒမဲပေးဖို့ဖြစ်ပါတယ်။

ပိုမိုရှင်းလင်းစေရန် ထပ်မံတင်ပြပါမယ်။ မိမိထောက်ခံလိုသော သဘာပတိလောင်းတစ်ဦးတည်းကိုသာ အစိမ်းရောင်ဆန္ဒမဲပေးအမှတ်အသားသင်္ကေတနှိပ်ပြီး ထောက်ခံဆန္ဒမဲပေးဖို့ဖြစ်ပါတယ်။ စက်ခလုတ်အသုံးပြုပြီး လျှို့ဝှက်ဆန္ဒမဲပေးချိန်မှာ ပြည်သူ့လွှတ်တော်ရုံးက တာဝန်ပေးထားတဲ့ တာဝန်ခံအရာရှိက စက်ခန်းကို ကြီးကြပ်ပေးမှာဖြစ်ပါတယ်။

အခမ်းအနားမှူး။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု စိုင်းစိန်ဝင်း၊ လဲချားမဲဆန္ဒနယ်ကို သဘာပတိအဖြစ် တင်မြှောက်ဖို့အတွက် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ စိုင်းစိန်ဝင်း၊ လဲချားမဲဆန္ဒနယ်အတွက် ထောက်ခံဆန္ဒမဲ ၂၇ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၃၁၈ မဲ၊ ကြားနေဆန္ဒမဲ ၂၁ မဲ ရရှိကြောင်း တင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒေါက်တာနန္ဒကျော်စွာ၊ ဒဂုံမဲဆန္ဒနယ်ကို သဘာပတိအဖြစ် တင်မြှောက်ဖို့အတွက် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ဒေါက်တာနန္ဒကျော်စွာ၊ ဒဂုံမဲဆန္ဒနယ်အတွက် ထောက်ခံဆန္ဒမဲ ၃၄၈ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၈ မဲနှင့် ကြားနေဆန္ဒမဲ ၁၁ မဲ ရရှိကြောင်းတင်ပြအပ်ပါတယ်။

အခမ်းအနားမှူး။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘာပတိလောင်းများအားဆန္ဒမဲပေးလို့ပြီးပါပြီ။ သဘာပတိလောင်းတစ်ဦးချင်းရရှိတဲ့ ထောက်ခံဆန္ဒမဲအများအနည်းအလိုက် အမည်စာရင်းကို ကြေညာပါမယ်။ ဒေါက်တာနန္ဒကျော်စွာ၊ ဒဂုံမဲဆန္ဒနယ်ရရှိတဲ့ ထောက်ခံဆန္ဒမဲ ၃၄၈ မဲ၊ စိုင်းစိန်ဝင်း၊ လဲချားမဲဆန္ဒနယ်ရရှိတဲ့ ထောက်ခံဆန္ဒမဲ ၂၇ မဲ တို့ဖြစ်ပါတယ်။

ဒါကြောင့် ထောက်ခံဆန္ဒမဲအများဆုံးရရှိတဲ့ ဒေါက်တာနန္ဒကျော်စွာ၊ ဒဂုံမဲဆန္ဒနယ်အား သဘာပတိအဖြစ် တင်မြှောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

[သဘာပတိအဖြစ် ဒေါက်တာနန္ဒကျော်စွာအား ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦးက အဆိုတင်သွင်းပြီး၊ တီးတိန်မဲဆန္ဒနယ်မှ ဦးဆလိုင်းအောင်ပြည့်က ထောက်ခံပါသည်။]

သဘာပတိနေရာယူခြင်း

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘာပတိအဖြစ် တင်မြှောက်ခြင်းခံရတဲ့ ဒေါက်တာနန္ဒကျော်စွာက သဘာပတိတာဝန်ထမ်းဆောင်ဖို့အတွက် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူမှာဖြစ်ပါတယ်။ သဘာပတိတာဝန်ထမ်းဆောင်ဖို့ စင်မြင့်ပေါ်သို့ကြွရောက်ချိန်မှာ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ပန်ကြားအပ်ပါတယ်။

သဘာပတိစင်ပေါ်သို့ ကြွရောက်နေရာယူပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

[သဘာပတိသည် သဘာပတိအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

သဘာပတိ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (က) အရ သဘာပတိကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ကျွန်တော်က ကတိသစ္စာကိုတိုင်ပေးတဲ့အခါ ကတိသစ္စာပြုမယ့်သဘာပတိကသာ လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု သဘာပတိကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ပန်ကြားအပ်ပါတယ်။

[အခမ်းအနားမှူးက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ သဘာပတိက ကတိသစ္စာပြုပါသည်။]

“ကျွန်ုပ် ဒေါက်တာနန္ဒကျော်စွာသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်

ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့ပြင် ယခုကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။”

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်၏ရှေ့မှောက်တွင် သဘာပတိက ကတိသစ္စာပြုလွှာပေါ်၌ လက်မှတ်ရေးထိုးတဲ့အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

[သဘာပတိသည် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။]

သဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

အခမ်းအနားမှူး။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု သဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားမှာဖြစ်ပါတယ်။ နှုတ်ခွန်းဆက်စကားပြောကြားပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

သဘာပတိ။ ။ လွှတ်တော်ကိုယ်စားလှယ်များ သုမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ တတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နိုင်ငံတော်ရဲ့ မြို့နယ်အသီးသီးကနေ ပြည်သူတွေကို ကိုယ်စားပြုတက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာခြင်းတို့နှင့်ပြည့်စုံကြပါစေကြောင်းနှင့် နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုး ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်အောင်မြင်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သပါတယ်။ တတိယအကြိမ်ကျင်းပတဲ့ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးပထမနေ့မှာ ကျွန်တော့်ကို သဘာပတိအဖြစ် အသိအမှတ်ပြုရွေးကောက်တင်မြှောက်ပေးကြတဲ့ ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်းပြောကြားအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ပေးအပ်တဲ့တာဝန်ကို ဂုဏ်ယူဝမ်းမြောက်စွာနဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းရေးတို့ကို ဦးတည်ဆောင်ရွက်နေကြသလို တို့တာဝန်အရေးသုံးပါးကိုလည်း စောင့်ထိန်းရန်အတွက် မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသ၍ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြမယ်လို့ ဆန္ဒရှိကြသူများဖြစ်တဲ့အပြင် ပြည်သူတွေကလည်း နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးကို ဆောင်ရွက်ကြဖို့အတွက် ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်ခြင်းခံရသူတွေပဲဖြစ်ပါတယ်။ ဒါ့အပြင် ကိုယ်စားလှယ်များကရည်မှန်းချက်အသီးသီးကို အောင်မြင်အောင် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြဖို့ တက်ကြွစွာနဲ့ လွှတ်တော်ထဲမှာ စုဝေးရောက်ရှိနေကြပြီလည်းဖြစ်ပါတယ်။ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် လွှတ်တော်လုပ်ငန်းစဉ်တိုင်းမှာ ကောင်းမွန်မှန်ကန်စွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြပါစို့လို့ ပြောကြားရင်းနဲ့ အားလုံးကို နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အခမ်းအနားမှူး။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး သဘာပတိက အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

သဘာပတိ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၇၃ ဦးရှိပြီး အစည်းအဝေးကို ၃၇၃ ဦးစလုံးတက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းရဲ့ ၁၀၀ ရာခိုင်နှုန်းပြည့်တက်ရောက်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၁ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၄ အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ခြဘာသံများ)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

သဘာပတိ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က) အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးကြရမှာဖြစ်ပါတယ်။

ကျွန်တော်က ကတိသစ္စာတိုင်ပေးပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်များက လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုမှာဖြစ်တဲ့အတွက် အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ပုဂ္ဂိုလ်အားလုံးမတ်တတ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။ ကတိသစ္စာပြုလွှာပေါ်ရှိ ကွက်လပ်နေရာ၌ မိမိ၏အမည်ကို ထည့်သွင်းရွက်ဆိုရန်ဖြစ်ပါတယ်။

[သဘာပတိက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုကြပါသည်။]

"ကျွန်ုပ် ---------- သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရှိသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်

ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။”

သဘာပတိ။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

သဘာပတိ။ ။ ယခု သဘာပတိရဲ့ရှေ့မှောက်မှာ လွှတ်တော်ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးတဲ့အစီအစဉ်ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ကိုယ်စားလှယ်များထံ ကြုံတင်ဖြန့်ဝေထားတဲ့ ကတိသစ္စာပြုလွှာများအပေါ်မှာ မိမိရဲ့အမည်၊ မဲဆန္ဒနယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အမည်တို့ကိုရေးသားပြီး လက်မှတ်ရေးထိုးကြဖို့ဖြစ်ပါတယ်။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိရဲ့အမည်၊ ရာထူးတို့ကိုရေးသားပြီး လက်မှတ်ရေးထိုးကြဖို့ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုလွှာများအပေါ်မှာ လက်မှတ်ရေးထိုးနိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုလွှာများပေါ်တွင် လက်မှတ်ရေးထိုးကြပါသည်။]

သဘာပတိ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လက်မှတ်ရေးထိုးပြီးတဲ့ ကတိသစ္စာပြုလွှာများကို ပြည်သူ့လွှတ်တော်ရုံးဝန်ထမ်းများက အစည်းအဝေးရပ်နားချိန်မှာ လာရောက်သိမ်းဆည်းမှာဖြစ်တဲ့အတွက် မိမိတို့ရဲ့ကတိသစ္စာပြုလွှာများကို မိမိတို့ရဲ့စားပွဲပေါ်မှာပဲ ထားခဲ့ကြရန် ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

သဘာပတိ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးကို တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၇၃ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူမရှိဘဲ အားလုံးတက်ရောက်ကြပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘာပတိ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်အစည်းအဝေး ပထမနေ့အစီအစဉ် ကြေညာခြင်း

သဘာပတိ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

သဘာပတိ။ ။ ယခု ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၅ အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထဲက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတစ်ဦးစီကို ရွေးကောက်တင်မြှောက်ဖို့ပဲဖြစ်ပါတယ်။ ပထမဦးစွာပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတစ်ဦးကို ရွေးကောက်တင်မြှောက်ဖို့ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈ အရ ဥက္ကဋ္ဌရွေးကောက်တင်မြှောက်နိုင်ဖို့အတွက် ဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းရမှာဖြစ်ပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အမည်စာရင်းတင်သွင်းလွှာပုံစံကို အခမ်းအနားမှူးထံမှ လက်မှတ်ရေးထိုးထုတ်ယူပြီး အမည်စာရင်းတင်သွင်းရပါမယ်။ အမည်စာရင်းတင်သွင်းခံရသူသည် ဥက္ကဋ္ဌအဖြစ်ရွေးကောက်တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်းကိုလည်း ရယူပြီးဖြစ်ရပါမယ်။ အမည်စာရင်းတင်သွင်းသူဟာ အမည်စာရင်းတင်သွင်းလွှာမှာ လိုအပ်တဲ့အချက်အလက်များကိုဖြည့်သွင်းပြီး အခမ်းအနားမှူးထံ ပြန်လည်ပေးအပ်ဖို့ဖြစ်ပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အမည်စာရင်းတင်သွင်းလွှာပုံစံများကို အခမ်းအနားမှူးထံမှ ထုတ်ယူနိုင်ကြပါပြီ။

အခမ်းအနားမှူး။ ။ အမည်စာရင်းတင်သွင်းလွှာပုံစံများကို ကျွန်တော့်ထံမှ လာရောက်ထုတ်ယူကြဖို့ဖြစ်ပါတယ်။

[ဥက္ကဋ္ဌလောင်းအမည်စာရင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းကြပါသည်။]

သဘာပတိ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းလွှာပုံစံ ထုတ်ယူတဲ့အရေအတွက်တစ်စောင်ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့အရေအတွက် တစ်စောင်ဖြစ်ပါတယ်။

သဘာပတိ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းရာမှာ ဦးခင်ရီ၊ ဇေယျာသီရိမဲဆန္ဒနယ်ကို ဒေါက်တာပွင့်ဆန်း၊ ရပ်စောက်မဲဆန္ဒနယ်က အမည်စာရင်းတင်သွင်းပြီး ဦးသန်းထွန်း၊ ပုသိမ်မဲဆန္ဒနယ်က ထောက်ခံထားပါတယ်။

ဒါ့ကြောင့် ဥက္ကဋ္ဌလောင်းတစ်ဦးတည်းကိုသာ အမည်စာရင်းတင်သွင်းထားတဲ့အတွက် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁ အရ ဦးခင်ရီ၊ ဇေယျာသီရိမဲဆန္ဒနယ်အား ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

[ဥက္ကဋ္ဌအဖြစ် ဦးခင်ရီ၊ ဧယျာသီရိမဲဆန္ဒနယ်အား ရပ်စောက်မဲဆန္ဒနယ်မှ ဒေါက်တာပွင့်ဆန်းက အဆိုတင်သွင်းပြီး ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်းက ထောက်ခံပါသည်။]

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

သဘာပတိ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထဲက ဥက္ကဋ္ဌတစ်ဦးကို ရွေးကောက်တင်မြှောက်ပြီးဖြစ်တဲ့အတွက် ဒုတိယဥက္ကဋ္ဌတစ်ဦးကို ဆက်လက်ရွေးကောက်တင်မြှောက်ဖို့ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌလောင်း ရွေးကောက်တင်မြှောက်နိုင်ဖို့အတွက် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃ အရ နည်းဥပဒေ ၁၈ ပါ နည်းလမ်းများနှင့်အညီ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းရမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းလွှာပုံစံကို အခမ်းအနားမှူးထံမှလက်မှတ်ရေးထိုးထုတ်ယူပြီး အမည်စာရင်းတင်သွင်းရပါမယ်။ အမည်စာရင်းတင်သွင်းခံရသူသည် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားကိုလည်း ရယူပြီးဖြစ်ရပါမယ်။ အမည်စာရင်းတင်သွင်းသူဟာ အမည်စာရင်းတင်သွင်းလွှာမှာ လိုအပ်တဲ့အချက်အလက်များကိုဖြည့်သွင်းပြီး အခမ်းအနားမှူးထံ ပြန်လည်ပေးအပ်ဖို့ပဲဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းလွှာပုံစံများကို အခမ်းအနားမှူးထံမှ ထုတ်ယူနိုင်ကြပါပြီ။

အခမ်းအနားမှူး။ ။ အမည်စာရင်းတင်သွင်းလွှာပုံစံများကို ကျွန်တော့်ထံမှာ လာရောက်ထုတ်ယူကြဖို့ဖြစ်ပါတယ်။

[ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းကြပါသည်။]

သဘာပတိ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းလွှာပုံစံထုတ်ယူတဲ့အရေအတွက်ဟာ တစ်စောင်ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့အရေအတွက် တစ်စောင်ဖြစ်ပါတယ်။

သဘာပတိ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းရာမှာ ဦးမောင်မောင်အုန်း၊ တပ်ကုန်းမဲဆန္ဒနယ်ကို ဦးသက်ပုံ၊ စစ်ကိုင်းမဲဆန္ဒနယ်က အမည်စာရင်းတင်သွင်းပြီး ဦးလှဆွေ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်က ထောက်ခံထားပါတယ်။

ဒါ့ကြောင့် ဒုတိယဥက္ကဋ္ဌလောင်းတစ်ဦးတည်းကိုသာ အမည်စာရင်းတင်သွင်းထားသည့်အတွက် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃ အရ ဦးမောင်မောင်အုန်း၊ တပ်ကုန်းမဲဆန္ဒနယ်အား ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

[ဒုတိယဥက္ကဋ္ဌအဖြစ် ဦးမောင်မောင်အုန်း၊ တပ်ကုန်းမဲဆန္ဒနယ်အား စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံက အဆိုတင်သွင်းပြီး ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေက ထောက်ခံပါသည်။]

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့်ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

သဘာပတိ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးရွေးကောက်တင်မြှောက်ခံရတဲ့ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့က ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄ အရ သဘာပတိရှေ့မှောက်မှာ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌအဖြစ် ကတိသစ္စာပြု၍လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့အား စင်မြင့်ပေါ်သို့ကြွရောက်ပါရန် ဖိတ်ခေါ်အပ်ပါတယ်။

သဘာပတိ။ ။ ယခု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကတိသစ္စာပြုဖို့ဖြစ်ပါတယ်။ ကတိသစ္စာကို ကျွန်တော်က တိုင်ပေးပါ့မယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုက်ဆိုဖို့ဖြစ်ပါတယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ပန်ကြားပါတယ်။

[သဘာပတိက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကတိသစ္စာပြုပါသည်။]

"ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးဖြစ်သော ကျွန်ုပ် ဦးခင်ရီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ကျွန်ုပ် ထမ်းဆောင်ရမည်ဖြစ်သော တာဝန်ဝတ္တရားများကိုဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင်မည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။"

သဘာပတိ။ ။ ဆက်လက်ပြီး ဒုတိယဥက္ကဋ္ဌ ကတိသစ္စာပြုဖို့ဖြစ်ပါတယ်။

[သဘာပတိက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ကတိသစ္စာပြုပါသည်။]

"ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးဖြစ်သော ကျွန်ုပ် ဦးမောင်မောင်အုန်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့်

ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ထမ်းဆောင်မည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာကြေညာ၍ ကတိသစ္စာပြုပါသည်။''

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

သဘာပတိ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၄ အရ လွှတ်တော်၏ရှေ့မှောက်တွင် ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့ လက်မှတ်ရေးထိုးတဲ့အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒါကြောင့် ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့အား သဘာပတိ၏လက်ဝဲဘက် စီစဉ်ထားသည့်နေရာသို့ တက်ရောက်၍ ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးပေးပါရန် ပန်ကြားပါတယ်။

[ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြပါသည်။]

ပြည်သူ့လွှတ်တော် သဘာပတိက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခြင်း

သဘာပတိ။ ။ ယခု ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅ အရ သဘာပတိက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်မှာဖြစ်ပါတယ်။ တာဝန်လွှဲအပ်ချိန်မှာ အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ပုဂ္ဂိုလ်များအားလုံး မတ်တတ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။ တာဝန်လွှဲအပ်မည့်နေရာသို့ ကြွရောက်ပါရန် ဥက္ကဋ္ဌအားပန်ကြားပါတယ်။

[သဘာပတိသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ပါသည်။]

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

အခမ်းအနားမှူး။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားမှာဖြစ်ပါတယ်။ နှုတ်ခွန်းဆက်စကားပြောကြားပေးနိုင်ပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

[အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ဆောင်ရွက်ပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာသုခချမ်းသာရရှိကြ၍ ကောင်းကျိုးလိုအင်ဆန္ဒများ

ပြည့်ဝလျက် ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကိုယ်စားလှယ်များက ပြည်သူများကိုယ်စား ကျွန်တော့်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ပေးခဲ့ကြတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ပြည်သူများအားလုံးကို အထူးကျေးဇူးတင်ဝမ်းမြောက်ဝမ်းသာဂုဏ်ယူပါကြောင်းနှင့် ကျွန်တော့်ဘဝရဲ့ တစ်သက်တာအမှတ်တရ အဖြစ် ရင်ဝယ်လေးစားစွာ သိမ်းဆည်းထားပါကြောင်းလည်း ပြောကြားလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ဟာ လွှတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးတဲ့အတွက် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ပြည်သူ့ဆန္ဒနဲ့အညီ တတိယအကြိမ်ပြည်သူ့လွှတ်တော်ကြီး ပေါ်ပေါက်လာတဲ့ သမိုင်းမှတ်တမ်းတင် ဂုဏ်ယူစရာ နေ့တစ်နေ့လည်းဖြစ်ပါတယ်။ ကိုယ်စားလှယ်များက ကျွန်တော့်ကိုယုံကြည်စွာ တာဝန်အပ်နှင်းမှုအပေါ် အလေးအနက်ခံယူပြီး ဒီတာဝန်ကိုကျေပွန်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနှင့်အညီ အကောင်းဆုံးကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း အလေးအနက်ထား ကတိပြုအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီးချစ်ချစ်ခင်ခင် ပွင့်ပွင့်လင်းလင်းနဲ့ ဒီမိုကရေစီကျင့်စဉ်အတိုင်း တက်ညီလက်ညီ ဝိုင်းဝန်းခေါ်ဆောင်သွားကြပါစေ လို့လည်း ဆုတောင်းပါတယ်။ ဒါ့အပြင် သဘောထားကြီးခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ အပြန်အလှန် လေးစားခြင်း၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အားလုံးနဲ့အတူ နိုင်ငံတော်နှင့်ပြည်သူများ အတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ် တစ်နည်းပြောရရင် ပိုမိုခိုင်မာပြည်မြန်မာကြီးကို ခေါ်ဆောင်ပေး နိုင်မယ်လို့ အလေးအနက်ယုံကြည်ပါကြောင်းလည်း ပြောကြားလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ရဲ့ အချုပ်အခြာ မဏ္ဍိုင်သုံးရပ်အနက် ဥပဒေပြုရေးမဏ္ဍိုင်သည် လွှတ်တော်ရဲ့အဓိကတာဝန်ဖြစ်ပါတယ်။ ထို့အပြင် နိုင်ငံတော်အာဏာမဏ္ဍိုင်သုံးရပ်ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနဲ့ အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုရမှာဖြစ်ပြီး ပြည်သူကိုကိုယ်စားပြုခြင်းကိုလည်း ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ နိုင်ငံရေးရည်မှန်းချက် ခေတ်စနစ်အခြေအနေများနဲ့ ကိုက်ညီမှုရှိစေရန် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကိုလည်း ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူက ရွေးချယ်တင်မြှောက်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များဖြစ်တာနဲ့အညီ ပြည်သူများနဲ့ထိတွေ့ဆွေးနွေးပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို ပြည်သူ့ကိုယ်စားဖော်ဆောင်ပေးရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်သကဲ့သို့ နိုင်ငံတော်နှင့်ပြည်သူကောင်းကျိုးအတွက် လွှတ်တော်ရဲ့ဆောင်ရွက်ချက်များကိုလည်း

ပြည်သူများနားလည်သဘောပေါက်စေရန် ပြန်လည်မျှဝေပေးရမှာက လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်ပဲဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အချုပ်အားဖြင့် မိမိတို့လွှတ်တော်ကိုယ်စားလှယ်တွေဟာ လွှတ်တော်ရဲ့လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်တဲ့နေရာမှာ နိုင်ငံတော်နဲ့ ပြည်သူလူထု၏အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုပြီး အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားပါ့မယ်။ တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး ဒုတိယနေ့ကျင်းပမည့် နေ့ရက်နဲ့အချိန်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၁:၁၅။

အခမ်းအနားမှူး။ ။ ယခု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌပြန်လည်ထွက်ခွာတဲ့အခါမှာ အစည်းအဝေးခန်းမအတွင်းရှိပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ် ပေးကြဖို့ဖြစ်ပါတယ်။

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးပထမနေ့ကို ၁၁:၁၅ အချိန်တွင် ရပ်နားပါသည်။]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
ဒုတိယနေ့မှတ်တမ်း

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂၃ ရက်)
(တနလင်္ဂနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀:၀၀ အချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀:၀၀။

အခမ်းအနားမှူး။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့အစီအစဉ် စတင်ပါတော့မယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

ဥက္ကဋ္ဌ။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်
စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးဒုတိယနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၇၃ ဦးရှိတဲ့အနက် အစည်းအဝေးကို ၃၇၁ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၉.၄၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

တတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေး
ဒုတိယနေ့အစီအစဉ်ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက်
ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ယနေ့ ၂၃-၃-၂၀၂၆ ရက်နေ့ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးဒုတိယနေ့ကို မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ကျွန်တော်က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသူကိုယ်စားလှယ် ၃၇၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၇၁ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူ ၂ ဦးကတော့-

(၁) မာန်အောင်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၁ ရက်နှင့်

(၂) ဓနုဖြူမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း ခွင့် ၅ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အဆိုပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၃၇၃ ဦး၊ ယနေ့ ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂ ဦးရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြု မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ပြည်သူ့လွှတ်တော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅၊ ပုဒ်မခွဲ(က)၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာဥပဒေ ပုဒ်မ ၂၄ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ တို့အရ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပေးရမှာဖြစ်ပါတယ်။ ဒါ့အပြင် ၎င်းတို့ရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီအစည်းအဝေးများကိုလည်း ပြည်သူ့လွှတ်တော်က သတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။ ကော်မတီတစ်ခုချင်းမှာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင် ကော်မတီဝင် ၁၅ ဦးစီဖြင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဒီကော်မတီ ၄ ရပ်ဖွဲ့စည်းတဲ့အခါ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များကို ရွေးချယ်သတ်မှတ်ဖွဲ့စည်းရမှာဖြစ်ပါတယ်။ ကော်မတီ ၄ ရပ်အနေနဲ့ လွှတ်တော်ကျင်းပချိန်မှာ လွှတ်တော်ကိုတာဝန်ခံရမှာဖြစ်ပြီး လွှတ်တော်ကျင်းပချိန်မဟုတ်လျှင် လွှတ်တော်ရဲ့ဥက္ကဋ္ဌကို တာဝန်ခံရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီကော်မတီ ၄ ရပ်ရဲ့ သက်တမ်းဟာ လွှတ်တော်ရဲ့သက်တမ်းနှင့်အညီ ငါးနှစ်ဖြစ်ပြီး ဥက္ကဋ္ဌအနေနဲ့ ကော်မတီရဲ့သက်တမ်း တစ်နှစ်ပြည့်မြောက် သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကိုသင့်လျော်သလို လဲလှယ် အစားထိုး တာဝန်ပေးအပ်နိုင်ပါတယ်။ ယခု ပထမဆုံးအနေနဲ့ ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းမှာ

ဖြစ်ပါတယ်။ ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့် စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ရှင်းလင်းပြောကြားပေးဖို့ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

ဒုတိယဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ ကျွန်တော် ပထမဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ယခု ဥပဒေကြမ်းကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးများအကြောင်းကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဟာ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ (၈) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်ပါတယ်။

ကော်မတီသက်တမ်း

ကော်မတီ၏သက်တမ်းဟာ ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌဟာ ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်ပါတယ်။

ကော်မတီအစည်းအဝေးများ

ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမှာဖြစ်ပါတယ်။

ကော်မတီ၏တာဝန်များ

ကော်မတီ၏တာဝန်များအနေဖြင့် ကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ အောက်ပါ အချက်များကိုအခြေခံ၍ စိစစ်ရမှာဖြစ်ပါတယ်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှုရှိ မရှိ၊

(ခ) နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များနှင့်ညီညွတ်မှုရှိ မရှိ၊

(ဂ) နိုင်ငံတော်နှင့်အများပြည်သူတို့၏အကျိုးစီးပွားကို အလေးထားပြီးကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်းရှိ မရှိ၊

(ဃ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့်လုံခြုံရေးကို အန္တရာယ်ပြုထိပါးစေမည့်အချက်များ ပါဝင်ခြင်းရှိ မရှိ၊

(င) နိုင်ငံတော်၏ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှုရှိ မရှိ၊

(စ) အများပြည်သူ၏လုံခြုံရေးနှင့်ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်းရှိ မရှိ၊

(ဆ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများ ပါဝင်ခြင်းရှိ မရှိ၊

(ဇ) ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုနှင့်အစိုးရအဖွဲ့အစည်းတစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု၏လုပ်ပိုင်ခွင့်များ ရောထွေးခြင်းရှိ မရှိ၊

(ဈ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရရေးဆွဲထားသော ဥပဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ၊ သဘောတူစာချုပ်များပါ မြန်မာနိုင်ငံကသဘောတူလက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေခြင်းရှိ မရှိနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးခြင်းရှိ မရှိ၊

(ည) သက်ဆိုင်ရာဥပဒေကြမ်းနှင့် သက်ဆိုင်သော မူပိုင်းဆိုင်ရာအချက်အလက်များ ပြည့်စုံစွာ ပါဝင်ခြင်းရှိ မရှိ၊

(ဋ) ဥပဒေကြမ်းပါပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေရှိ မရှိ၊

(ဌ) ဥပဒေကြမ်း၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိခြင်းရှိ မရှိ တို့ဖြစ်ပါတယ်။

ဥပဒေကြမ်းကို ကော်မတီမှာ ဆွေးနွေးစဉ်းစားပြီးဖြစ်ပါက-

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမှာဖြစ်ပါတယ်။

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီကသဘောတူလျှင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ ဥက္ကဋ္ဌထံတင်ပြရမှာဖြစ်ပါတယ်။

(ဂ) ဥက္ကဋ္ဌ၏သီးခြားညွှန်ကြားချက်မရှိလျှင် ဥပဒေကြမ်းကိုကော်မတီသို့ လွှဲအပ်သည့် နေ့ရက်မှစ၍ ရုံးပိတ်ရက်များမပါ ခုနစ်ရက်အတွင်း ကော်မတီ၏အစီရင်ခံစာကို ဥက္ကဋ္ဌထံ တင်ပြရမှာဖြစ်ပါတယ်။

(ဃ) ကော်မတီဝင်များသည် အစီရင်ခံစာကိုသဘောတူကြောင်း လက်မှတ်ရေးထိုးရမှာ ဖြစ်သော်လည်း သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသား ဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်ပါတယ်။

(ဂ) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်တွင် ဖတ်ကြားရှင်းလင်းရမှာဖြစ်ပါတယ်။

ကော်မတီဝင်များဟာ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီချက်ဖြင့် နာယက က ဖွဲ့စည်းသော ဥပဒေကြမ်းပူးပေါင်းကော်မတီမှာ ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမှာဖြစ်ပါတယ်။ ကော်မတီဟာ လွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ၊ လွှတ်တော်က ဖြစ်စေ အခါအားလျော်စွာ ပေးအပ်တဲ့တာဝန်များကို ထမ်းဆောင်ရမှာဖြစ်ပါတယ်။ ကော်မတီ၏ အစည်းအဝေးမှာ ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီမှာဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်း မရှိစေရပါဘူး။ ကော်မတီ၏အစည်းအဝေးမှတ်တမ်းမှာ ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်ပြီး ကော်မတီက အတည်ပြုထားရမှာဖြစ်ပါတယ်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်း မပြုဘဲ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲပြီး အမှုတွဲအဖြစ် တပေါင်းတည်းသိမ်းဆည်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမှာဖြစ်ပါတယ်။

ကော်မတီ၏လုပ်ပိုင်ခွင့်များ

ကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍-

(က) နိုင်ငံတော်နှင့်ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိပါတယ်။

(ခ) ပြည်သူများနှင့်သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေရေးရာအကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကိုစိစစ်၍ လွှတ်တော်သို့တင်ပြနိုင်ခွင့်ရှိပါတယ်။

(ဂ) ပြင်ဆင်ရန်အကြံပြုချက်များကို လွှတ်တော်သို့တင်ပြနိုင်ခွင့်ရှိပါတယ်။

(ဃ) ခေတ်နှင့်မလျော်ညီသော အရေးအသား၊ အသုံးအနှုန်းများကို ဥပဒေရှုထောင့်မှ ပြင်ဆင်ဆောင်ရွက်နိုင်ခွင့်ရှိပါတယ်။

(င) အသေးစိတ်ဆွေးနွေးစဉ်းစားရာမှာ လွှတ်တော်တွင်ဆွေးနွေးစဉ်းစားသည့်နည်းလမ်းအတိုင်း ဆွေးနွေးစဉ်းစားရမှာဖြစ်ပါတယ်။ သို့သော်လည်း-

(၁) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလိုပါဘူး။

(၂) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီးဆွေးနွေးခွင့်ရှိပါတယ်။

ကော်မတီ၏တင်ပြချက်နှင့်အကြံပြုချက်များဟာ ဥပဒေကြမ်းမှာပါရှိသည့်ကိစ္စနှင့်စပ်လျဉ်းသော တင်ပြချက်၊ အကြံပြုချက်များဖြစ်ရမည့်အပြင် ထိုဥပဒေကြမ်းရဲ့သဘောမှာ အကျုံးဝင်သောတင်ပြချက်၊ အကြံပြုချက်များလည်းဖြစ်ရမှာဖြစ်ပါတယ်။

ကော်မတီဝင်များသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကိုမဆန့်ကျင်လျှင် လွှတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိပါတယ်။

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိပါတယ်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကျိုးအကြောင်းဖော်ပြပြီး လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိပါတယ်။

ကော်မတီဟာ ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်တဲ့တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သောအကြောင်းအရာများကို သိရှိနားလည်သည်ဟုယူဆသူများအားလည်းကောင်း ဖိတ်ကြားပြီး ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်တဲ့အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်ပါတယ်။

ကော်မတီဝင်၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ

ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်မှာလည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးအပ်ချက်အရ ခရီးသွားလာရာမှာလည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့် အပြင် လွှတ်တော်က သတ်မှတ်သည့်ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိပါတယ်။

ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရှိပါတယ်။

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ကြိုတင် ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှကင်းလွတ်ခွင့်ရှိပါတယ်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့်ဖမ်းဆီးခြင်းခံရပါက ပြစ်မှုစီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိပါတယ်။

ယခု ကျွန်တော်တင်ပြရှင်းလင်းသွားတာတွေကတော့ ဥပဒေကြမ်းကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီအစည်းအဝေးများကိစ္စအကြောင်းပဲဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီတွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့တင်ပြခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းနိုင်ရေးအတွက် ဥပဒေကြမ်းကော်မတီမှာ ပါဝင်ဖို့လျာထားတဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များရဲ့အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့အမည်စာရင်းတို့ကို လွှတ်တော်ကိုတင်ပြပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးနှင့် ဖွဲ့စည်းမှာဖြစ်ပြီး ဖွဲ့စည်းရန်လျာထားတဲ့ ကိုယ်စားလှယ်တွေကတော့-

(၁)	ဒေါက်တာနန္ဒကျော်စွာ	ဒဂုံမဲဆန္ဒနယ်	ဥက္ကဋ္ဌ
(၂)	ဒေါ်သန်းသန်းအေး	သဃ်ိန်းကျွန်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၃)	ဦးစိုးတင့်အောင်	ရေဦးမဲဆန္ဒနယ်	အဖွဲ့ဝင်
(၄)	ဦးတင့်လွင်	နတ်တလင်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၅)	ဒေါက်တာထွန်းထွန်းဝင်း	ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်	အဖွဲ့ဝင်
(၆)	ဦးတင်ရွှေ	ရွှေတောင်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၇)	ဦးသန့်ဇော်	ကွမ်းခြံကုန်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၈)	စိုင်းဝန်းဆမ်	မိုင်းခတ်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၉)	ဦးဇော်မင်း	ကျုပျော်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၀)	ဦးနိုင်မင်းဦး	ကြံခင်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၁)	နန်းကျင်း(ခ)နန်းစိန်	တောင်ကြီးမဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၂)	ဦးနိုင်နိုင်ကျော်	ဟုမ္မလင်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၃)	ဗိုလ်မှူးချုပ်ဝင်းမြိုင်	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင်
(၁၄)	ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင် နှင့်

(၁၅) ဦးသိန်းထွန်းဦး အမရပူရမဲဆန္ဒနယ် အတွင်းရေးမှူး တို့ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဒေါက်တာနန္ဒကျော်စွာ၊ ဒဂုံမဲဆန္ဒနယ်နှင့် အတွင်းရေးမှူးအဖြစ် ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမှာ ဖြစ်ကြောင်း တင်ပြပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး ပြည်သူ့ငွေစာရင်း ကော်မတီဖွဲ့စည်းရေးကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ရှင်းလင်းပြောကြား ပေးဖို့ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

ဒုတိယဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများအကြောင်းကို ဆက်လက် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်ပါတယ်။

ကော်မတီ၏သက်တမ်း

ကော်မတီ၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်ပါတယ်။

ကော်မတီအစည်းအဝေးများ

ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက် များနှင့်အညီ ကျင်းပရမှာဖြစ်ပါတယ်။

ကော်မတီ၏တာဝန်များ

ကော်မတီသည်-

(က) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ လုပ်ငန်းအကောင်အထည်ဖော်

ဆောင်ရွက်မှုတို့ကို စစ်ဆေးထားသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရမည်။ ယင်းသို့စိစစ်ရာတွင် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ လျာထားရငွေများကို ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ထားခြင်း ရှိ မရှိ၊ သုံးစွဲခွင့်ပြု ထားသောငွေကြေးများကို ထိရောက်စွာအသုံးပြု မပြု၊ သတ်မှတ်ထားသောဘဏ္ဍာရေး စည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ သုံးစွဲခြင်းရှိ မရှိတို့ကို စိစစ်ရမှာဖြစ်ပါတယ်။

(ခ) ပြည်ထောင်စုလွှတ်တော်ကခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာသုံးစွဲခဲ့ခြင်း ရှိ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးနိုင် ပါတယ်။

(ဂ) အောက်ပါအချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြရန် တာဝန်ရှိပါသည်-

(၁) ပြည်ထောင်စုအစိုးရ၏ တောင်းဆိုချက်အရ ကိစ္စရပ်တစ်ခုအတွက် ပြည်ထောင်စု လွှတ်တော်က ခွင့်ပြုထားသောသုံးငွေတစ်ရပ်ကို အခြားကိစ္စတစ်ရပ်အတွက် ခေါင်းစဉ်ပြောင်း၍ သုံးသည့်ကိစ္စများ၊

(၂) ခွင့်ပြုထားသည့်သုံးငွေတစ်ရပ်အတွင်း ခေါင်းစဉ်ပြောင်း၍သုံးစွဲရာ၌ ဘဏ္ဍာရေး ဝန်ကြီးဌာနက သတ်မှတ်ထားသောစည်းမျဉ်းများနှင့်ညီညွတ်မှုမရှိသည့်ကိစ္စများ၊

(၃) သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများသို့ လမ်းညွှန်သင့်သောဘဏ္ဍာငွေ သုံးစွဲပုံနည်းလမ်းအားနည်းချက်များ၊

(၄) ပြည်ထောင်စုလွှတ်တော်သို့တင်ပြပေးရန် ဘဏ္ဍာရေးဝန်ကြီးဌာနကတောင်းဆိုသော အသုံးစရိတ်များဖြစ်ပါတယ်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့၏ စီးပွားရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်းပြီး ကုန်ထုတ်လုပ်မှု၊ လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာစာရင်းများ၊ နှစ်ချုပ်စာရင်းများနှင့်လုပ်ငန်းစီမံကိန်း များကို အကောင်အထည်ဖော်ရာမှာ လေလွင့်ပြန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာ ဆုံးရှုံးမှု၊ အလွဲသုံးစားမှုရှိ မရှိ စသည်တို့ကို စစ်ဆေးထားသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရမှာဖြစ်ပါတယ်။

(င) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း တစ်ခုခု၊ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် နေပြည်တော်ကောင်စီကဖြစ်စေ လုပ်ငန်းတစ်ရပ်ရပ်ကို စစ်ဆေးပေးရန် ညှိနှိုင်းချက်အရ စစ်ဆေးသည့် ပြည်ထောင်စု

စာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း၊ သို့လျောင်သိမ်းဆည်းထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်းသည့် စာရင်းများကိုစစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း စိစစ်ရမှာဖြစ်ပါတယ်။

ကော်မတီက စိစစ်ပေးရန်လိုအပ်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကော်မတီသည် -

(က) ပြည်ထောင်စုလွှတ်တော်၏အကြောင်းကြားချက်အရ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့်သဘောထားမှတ်ချက်တို့ကို လွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြရမှာဖြစ်ပါတယ်။

(ခ) လွှတ်တော်၏ဆုံးဖြတ်ချက်အရ လွှတ်တော်ဥက္ကဋ္ဌကတာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရမှာဖြစ်ပါတယ်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏တင်ပြချက်အရ စိစစ်ရန်လိုအပ်သည်ဟု လွှတ်တော်ကဆုံးဖြတ်၍ လွှတ်တော်ဥက္ကဋ္ဌကတာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်ပြီး ကော်မတီ၏တွေ့ရှိချက်နှင့်သဘောထားမှတ်ချက်တို့ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရမှာဖြစ်ပါတယ်။

ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်းပြီး -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးဟာ အစီရင်ခံစာကိုလက်မှတ်ရေးထိုးပြီး လွှတ်တော်ဥက္ကဋ္ဌထံတင်ပြရမှာဖြစ်ပါတယ်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကိုသဘောတူကြောင်း လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး သဘောထားကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီးအစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်ပါတယ်။

(ဂ) အစီရင်ခံစာကိုတင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့် ၄ ရက်ထက်မစော ၁၀ ရက်ထက်နောက်မကျသောနေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမှာဖြစ်ပါတယ်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိပါ။

(ဂ) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကိုလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမှာဖြစ်ပါတယ်။

ကော်မတီဝင်များသည် လွှတ်တော်ဥက္ကဋ္ဌကတာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယက ကဖွဲ့စည်းသော ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် ကော်မတီဝင် အဖြစ်တာဝန်ထမ်းဆောင်ရမှာဖြစ်ပါတယ်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စ ကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်ကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရပါ။ ကော်မတီ၏အစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်များအားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမှာဖြစ်ပြီး ယင်းအစည်းအဝေးမှတ်တမ်း များကို ဖြန့်ဝေခြင်းမပြုရပါ။ ပြည်သူ့လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ်တပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမှာဖြစ်ပါတယ်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များ

ကော်မတီ၏တာဝန်များအရ ကော်မတီကစိစစ်တဲ့နေရာမှာ -

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလိုပါ။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီးဆွေးနွေးခွင့် ရှိပါတယ်။ ကော်မတီနှင့် အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီတို့က ဆောင်ရွက်ရမည့်ကိစ္စရပ်များသည် တစ်ခုနှင့်တစ်ခုအကျုံးဝင်တူညီနေပါက ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ ညှိနှိုင်းဆောင်ရွက်နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမှာဖြစ်ပါတယ်။

ကော်မတီဝင်များသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့်ဆန္ဒမဲပေးခွင့်ရှိပါတယ်။

(ခ) လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိပါတယ်။

(ဂ) ကော်မတီဝင်အဖြစ်နှုတ်ထွက်လိုပါက ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံတင်ပြနိုင်ခွင့်ရှိပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သောအကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း၊ ဖိတ်ကြားပြီး ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့်လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်းများ ပြုလုပ်နိုင်ပါတယ်။

ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ

ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင်ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကိုခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်ထားသည့် ရပိုင်ခွင့်များကိုလည်းခံစားခွင့်ရှိတာဖြစ်ပါတယ်။

ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိပါတယ်။

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌရဲ့ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှကင်းလွတ်ခွင့်ရှိပါတယ်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့်ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့တက်ရောက်ခွင့်ရှိပါတယ်။

ယခု တင်ပြသွားတာကတော့ ပြည်သူ့ငွေစာရင်းကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးများအကြောင်းပဲဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။
(ဩဘာသံများ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ဌေစာရင်းကော်မတီတွင် ပါဝင်ရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ဌေစာရင်းကော်မတီမှာ ပါဝင်ရန်လျာထားတဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်ကို တင်ပြပါမယ်။

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ဌေစာရင်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးနှင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန်လျာထားတဲ့ ကိုယ်စားလှယ်များကတော့ -

(၁)	ဦးတေဇကျော်	အောင်မြေသာစံမဲဆန္ဒနယ်	ဥက္ကဋ္ဌ
(၂)	ဦးထွန်းထွန်းအောင်	မိုးကောင်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၃)	ဦးမြတ်ကျော်	ကန့်ဘလူမဲဆန္ဒနယ်	အဖွဲ့ဝင်
(၄)	ဦးတင့်ဆွေ	ဆင်ပေါင်ဝဲမဲဆန္ဒနယ်	အဖွဲ့ဝင်
(၅)	ဦးကိုကိုသင်း	ကမာရွတ်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၆)	ဒေါ်ခင်စောမူ	ကန်ကြီးထောင့်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၇)	ဦးညွန့်ဆောင်	ရမည်းသင်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၈)	ဦးခင်မောင်ဝင်း	မော်လမြိုင်ကျွန်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၉)	ဒေါက်တာပွင့်ဆန်း	ရပ်စောက်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၀)	ဦးမြင့်စိုး	လေးမျက်နှာမဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၁)	ဦးသန်းရွှေ	သံဖြူဇရပ်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၂)	ခွန်လှသိန်း	ဆီဆိုင်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၃)	ဗိုလ်မှူးချုပ်စိုးညွန့်	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင်
(၁၄)	ဗိုလ်ကြီးဒေါ်ယမင်းအောင်	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင် နှင့်
(၁၅)	ဦးတင်အောင်ချစ်	အောင်လံမဲဆန္ဒနယ်	အတွင်းရေးမှူး

တို့ဖြစ်ပါတယ်။

ပြည်သူ့ဌေစာရင်းကော်မတီမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဦးတေဇကျော်၊ အောင်မြေသာစံမဲဆန္ဒနယ်နှင့် အတွင်းရေးမှူးအဖြစ် ဦးတင်အောင်ချစ်၊ အောင်လံမဲဆန္ဒနယ်တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမှာဖြစ်ကြောင်း တင်ပြပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးဒုတိယနေ့ရပ်နားပါမယ်။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့ကို ၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက် (အင်္ဂါနေ့) ၁၀:၀၀ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဒြဘာသံများ)

အချိန်၊ ၁၀:၃၇။

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးဒုတိယနေ့ကို ၁၀:၃၇ အချိန်တွင် ရပ်နားပါသည်။]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
တတိယနေ့မှတ်တမ်း

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်)
(အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့ကို နံနက် ၁၀:၀၀ အချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီကဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀:၀၀။

အခမ်းအနားမှူး။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့အစီအစဉ် စတင်ပါတော့မယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

ဥက္ကဋ္ဌ။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်
စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့မှာ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၇၃ ဦးရှိတဲ့အနက် အစည်းအဝေးကို ၃၇၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၉.၄၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

တတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေး
တတိယနေ့အစီအစဉ်ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက်
ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၄-၃-၂၀၂၆ ရက်နေ့ တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို မတက်ရောက်နိုင်သည့်ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသိန်းထွန်းဦးက ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသူကိုယ်စားလှယ် ၃၇၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၁ ဦးရှိကာ ယခင်ခွင့်ပန်ကြားသူ ၁ ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ ၁ ဦးရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူကတော့ ရေနံချောင်းမဲဆန္ဒနယ်မှ ဒေါ်ဝင်းမော်ထွန်း ခွင့် ၃ ရက်ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အဆိုပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို
မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၃၇၃ ဦး၊ ယခင်ကခွင့်ပန်ကြားပြီးတော့ခွင့်ပြုထားသူ ၁ ဦး၊ ယနေ့ ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ

အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ဥပဒေကြမ်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးများကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ဥပဒေကြမ်းကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီမှာပါဝင်မယ့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များရဲ့အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်း၊ ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်းပြီး တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးဒုတိယနေ့ ၂၃-၃-၂၀၂၆ ရက်နေ့မှာတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကိုအတည်ပြုဖို့အတွက် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဒေါက်တာနန္ဒကျော်စွာ ဒဂုံမဲဆန္ဒနယ်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးသိန်းထွန်းဦး အမရပူရမဲဆန္ဒနယ်အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

(၁)	ဒေါ်သန်းသန်းအေး	သဃ်ိန်းကျွန်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၂)	ဦးစိုးတင့်အောင်	ရေဦးမဲဆန္ဒနယ်	အဖွဲ့ဝင်
(၃)	ဦးတင့်လွင်	နတ်တလင်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၄)	ဒေါက်တာထွန်းထွန်းဝင်း	ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်	အဖွဲ့ဝင်
(၅)	ဦးတင်ရွှေ	ရွှေတောင်မဲဆန္ဒနယ်	အဖွဲ့ဝင်

(၆)	ဦးသန့်ဇော်	ကွမ်းခြံကုန်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၇)	စိုင်းဝန်းဆမ်	မိုင်းခတ်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၈)	ဦးဇော်မင်း	ကျုံပျော်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၉)	ဦးနိုင်မင်းဦး	ကြံခင်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၀)	နန်းကျင်း(ခ)နန်းစိန်	တောင်ကြီးမဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၁)	ဦးနိုင်နိုင်ကျော်	ဟုမ္မလင်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၂)	ဗိုလ်မှူးချုပ်ဝင်းမြိုင်	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင် နှင့်
(၁၃)	ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင်

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီတွင် ပါဝင်မည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏အမည်စာရင်းကို လည်းကောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးများကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ငွေစာရင်းကော်မတီမှာ ပါဝင်မယ့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များရဲ့အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့အမည်စာရင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်းပြီး တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ၂၃-၃-၂၀၂၆ ရက်နေ့မှာတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီအစည်းအဝေးတို့ကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွတ်တော်ကသဘောတူတဲ့အတွက် ပြည်သူ့ငွေစာရင်းကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးတေဇကျော် အောင်မြေသာစံမဲဆန္ဒနယ်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးတင်အောင်ချစ် အောင်လံမဲဆန္ဒနယ်အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

(၁)	ဦးထွန်းထွန်းအောင်	မိုးကောင်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၂)	ဦးမြတ်ကျော်	ကန့်ဘလူမဲဆန္ဒနယ်	အဖွဲ့ဝင်
(၃)	ဦးတင့်ဆွေ	ဆင်ပေါင်ဝဲမဲဆန္ဒနယ်	အဖွဲ့ဝင်
(၄)	ဦးကိုကိုသင်း	ကမာရွတ်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၅)	ဒေါ်ခင်စောမူ	ကန်ကြီးထောင့်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၆)	ဦးညွန့်ဆောင်	ရမည်းသင်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၇)	ဦးခင်မောင်ဝင်း	မော်လမြိုင်ကျွန်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၈)	ဒေါက်တာပွင့်ဆန်း	ရပ်စောက်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၉)	ဦးမြင့်စိုး	လေးမျက်နှာမဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၀)	ဦးသန်းရွှေ	သံဖြူဇရပ်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၁)	ခွန်လှသိန်း	ဆီဆိုင်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၂)	ဗိုလ်မှူးချုပ်စိုးညွန့်	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင် နှင့်
(၁၃)	ဗိုလ်ကြီးဒေါ်ယမင်းအောင်	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင်

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ပြည်သူ့ငွေစာရင်းကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းရေးကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဖွဲ့စည်းရာမှာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ရာထူးအလျောက် ကော်မတီ၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ရှင်းလင်းပြောကြားပေးဖို့ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ရှင်းလင်းပြောကြားခြင်း

ဒုတိယဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ ကျွန်တော် ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ယခု လွှတ်တော်အခွင့်အရေးကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီအစည်းအဝေးများအကြောင်းကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီဟာ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (၈) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်ပါတယ်။

ကော်မတီ၏သက်တမ်း

ကော်မတီ၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏သက်တမ်းနှင့်အညီဖြစ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလိုလဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်ပါတယ်။

ကော်မတီအစည်းအဝေးများ

ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက် များနှင့်အညီ ကျင်းပရမှာဖြစ်ပါတယ်။

ကော်မတီ၏တာဝန်များ

ကော်မတီသည် -

(က) မိမိထံလွှဲအပ်သောကိစ္စအသီးသီးကို အောက်ပါအတိုင်း စုံလင်စွာစစ်ဆေးဆောင်ရွက် ရမှာဖြစ်ပါတယ်-

(၁) ကော်မတီသို့ လွှဲအပ်သောကိစ္စများနှင့်စပ်လျဉ်းသောအချက်များကို အခြေပြုပြီး လွှတ်တော်၏အခွင့်အရေးကို ဖောက်ဖျက်ရာရောက် မရောက်စဉ်းစားဆုံးဖြတ်ခြင်း၊

(၂) မည်သို့သောကိစ္စ၊ မည်သို့သောအချက်များမှစတင်၍ အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပေါ်လာရကြောင်းနှင့် မည်သို့မည်ပုံဖောက်ဖျက်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(၃) ယင်းကိစ္စနှင့်စပ်လျဉ်းပြီး လွှတ်တော်က မည်ကဲ့သို့အရေးယူသင့်ကြောင်းကို လွှတ်တော်သို့အစီရင်ခံစာတင်ပြရမှာဖြစ်ပါတယ်။

(ခ) အပိုဒ်ခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ အစီရင်ခံစာမှာဖော်ပြပါရှိသော အကြံပေးချက်များကို ဖြစ်မြောက်အောင်ဆောင်ရွက်နိုင်ရန် လွှတ်တော်က မည်သည့် နည်းလမ်းများကိုကျင့်သုံးသင့်ကြောင်း အစီရင်ခံစာတွင်အကြံပြုဖော်ပြရမှာဖြစ်ပါတယ်။

(ဂ) လွှတ်တော်ကဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာလွှတ်တော်များနှင့်ဆက်သွယ်နိုင်ရေးအတွက်လိုအပ်ပါက လွှတ်တော်သို့တင်ပြရမှာဖြစ်ပါတယ်။

ကော်မတီသည် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုရမှာလည်းဖြစ်ပါတယ်။

ကော်မတီရဲ့အစီရင်ခံစာ တင်ပြခြင်းနှင့်စပ်လျဉ်းပြီး-

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးဟာ အစီရင်ခံစာကိုလွှတ်တော်သို့ တင်ပြရမှာဖြစ်ပါတယ်။

(ခ) ကော်မတီသို့လွှဲအပ်သောအခွင့်အရေးကိစ္စတစ်ရပ်ကို စဉ်းစားဆုံးဖြတ်ရန် ကော်မတီသည် အခါအားလျော်စွာစည်းဝေး၍ လွှတ်တော်ကသတ်မှတ်သောနေ့တွင် အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမှာဖြစ်ပါတယ်။ လွှတ်တော်က အစီရင်ခံစာတင်ပြရမည့်ရက်ကို သတ်မှတ်ခြင်းမပြုလျှင် လွှတ်တော်က မိမိထံလွှဲအပ်တာဝန်ပေးသောနေ့မှ တစ်လအတွင်း လွှတ်တော်သို့ အစီရင်ခံစာတင်ပြရမှာဖြစ်ပါတယ်။

(ဂ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်းလက်မှတ်ရေးထိုးရမှာဖြစ်သော်လည်း သဘောကွဲလွဲချက်များရှိပါက ထိုသဘောထားကွဲလွဲချက်များကို ရေးသားဖော်ပြပြီးလက်မှတ်ရေးထိုးလျက် အစီရင်ခံစာတွင်ပူးတွဲဖော်ပြနိုင်ပါတယ်။

(ဃ) ကော်မတီသည် သတ်မှတ်ရက်အတွင်းအပြီးသတ်အစီရင်ခံစာကို တင်ပြနိုင်ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာတင်ပြရမှာဖြစ်ပါတယ်။ ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သောကော်မတီဝင်တစ်ဦးသည် ဥက္ကဋ္ဌကသတ်မှတ်သောနေ့တွင် အစီရင်ခံစာကိုဆွေးနွေးရန်အဆိုကို ဆောလျင်စွာတင်သွင်းရမှာဖြစ်ပါတယ်။ ယင်းအဆိုအတည်ဖြစ်သောအခါ အစီရင်ခံစာကိုဆွေးနွေးရမှာဖြစ်ပါတယ်။ လွှတ်တော်က ဆွေးနွေးပြီးသောအခါ ဆွေးနွေးရန်အဆိုတင်သွင်းသူကပင် အစီရင်ခံစာကို လွှတ်တော်က လက်ခံအတည်ပြုရန် အဆိုတင်သွင်းရမှာဖြစ်ပါတယ်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုမူသောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရပါဘူး။ ကော်မတီအစည်းအဝေးမှတ်တမ်းမှာ ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်ပြီး ကော်မတီကအတည်ပြုထားရမှာဖြစ်ပါတယ်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုဘဲ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေး

မှတ်တမ်းများနှင့်အတူပူးတွဲပြီး အမှုတွဲအဖြစ်တပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမှာဖြစ်ပါတယ်။

ကော်မတီဝင်၏ လုပ်ပိုင်ခွင့်များ

ကော်မတီသည် မိမိ၏အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင်-

(က) လိုအပ်သည့်ပြင်ပပုဂ္ဂိုလ်များကိုဆင့်ခေါ်၍ စုံစမ်းမေးမြန်းနိုင်ပါတယ်။ စာရွက်စာတမ်းများ၊ မှတ်တမ်းများကိုလည်းတင်ပြစေရန် ဆင့်ခေါ်နိုင်ပါတယ်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏သက်သေထွက်ဆိုချက်သည် သို့မဟုတ် စာရွက်စာတမ်းများ၊ မှတ်တမ်းများသည် ကော်မတီ၏အလုပ်ဝတ္တရားများဆောင်ရွက်ရာတွင် သက်ဆိုင်သည် မသက်ဆိုင်သည်ဟူသော ပြဿနာပေါ်ပေါက်လာပါက အဆိုပါပြဿနာကိုအဆုံးအဖြတ်ပေးရန် ကော်မတီဥက္ကဋ္ဌက လွှတ်တော်ဥက္ကဋ္ဌထံတင်ပြနိုင်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌက ချမှတ်သောအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ပါတယ်။ သို့သော်လည်း နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်၏အကျိုးကိုဖြစ်စေ ထိခိုက်နစ်နာဖွယ်ရာရှိသည်ဟူသော အကြောင်းပြချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က စာရွက်စာတမ်း၊ မှတ်တမ်းတစ်ရပ်ကို ကော်မတီသို့ ထုတ်ဖော်ပြောဆိုတင်ပြရန် ငြင်းဆိုနိုင်ပါတယ်။

(ခ) ကော်မတီ၏ရှေ့တွင် သက်သေခံရန်ဖြစ်စေ၊ စာရွက်စာတမ်း၊ မှတ်တမ်းများတင်ပြရန်ဖြစ်စေ လိုအပ်သောအခါ သက်ဆိုင်သူအားစာဖြင့်ဆင့်ခေါ်ရမှာဖြစ်ပြီး ကော်မတီ၏ရှေ့တွင် သက်သေထွက်ဆိုချက်ကို သို့မဟုတ် သက်သေခံအဖြစ် တင်ပြသောစာရွက်စာတမ်း၊ မှတ်တမ်းကို လျှို့ဝှက်ထားသင့် မသင့် ကော်မတီကဆုံးဖြတ်နိုင်ပါတယ်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့်တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သောအကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြားပြီး ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သော အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်ပါတယ်။

ကော်မတီအစည်းအဝေးများကျင်းပရာတွင် ဥပဒေအကြံဉာဏ်များရယူရန် လိုအပ်လျှင် ပြည်ထောင်စုရှေ့နေချုပ်အား ဖိတ်ကြားတက်ရောက်စေရမှာဖြစ်ပါတယ်။

တာဝန်များအရ ကော်မတီကစိစစ်ရာမှာ-

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်းပြီး ထောက်ခံသူမလိုပါဘူး။

(ခ) ကော်မတီမှာ တင်ပြတဲ့ကိစ္စတစ်ခုနဲ့စပ်လျဉ်းပြီး တစ်ကြိမ်ထက်ပိုပြီးဆွေးနွေးခွင့်ရှိပါတယ်။

ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွှတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့်ဆန္ဒမဲပေးခွင့်ရှိပါတယ်။

(ခ) လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိပါတယ်။

(ဂ) ကော်မတီဝင်အဖြစ်မှနုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိပါတယ်။

ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ

ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင်ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကိုခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့်ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိပါတယ်။

ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှကင်းလွတ်ခွင့်ရှိပါတယ်။

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှကင်းလွတ်ခွင့်ရှိပါတယ်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့်ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိပါတယ်။

ယခုရှင်းလင်းတင်ပြသွားတာကတော့ လွှတ်တော်အခွင့်အရေးကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီအစည်းအဝေးများအကြောင်းပဲဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီတွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၁၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီကိုဖွဲ့စည်းနိုင်ဖို့အတွက် လွှတ်တော်အခွင့်အရေးကော်မတီမှာ

ပါဝင်ရန်လျာထားတဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူး တို့ရဲ့အမည်စာရင်းကို လွှတ်တော်သို့တင်ပြပါမယ်။

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးနှင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန်လျာထားတဲ့ ကိုယ်စားလှယ်များကတော့-

(၁)	ဦးမောင်မောင်အုန်း	တပ်ကုန်းမဲဆန္ဒနယ်	ဥက္ကဋ္ဌ
(၂)	ဒေါက်တာကျော်ဦး	တောင်ငူမဲဆန္ဒနယ်	အဖွဲ့ဝင်
(၃)	ဦးလှဆွေ	ပုဗ္ဗသီရိမဲဆန္ဒနယ်	အဖွဲ့ဝင်
(၄)	ဦးအောင်ဇော်မိုး (ခ) အောင်ဇော်မိုးထွန်း	မူဆယ်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၅)	ဦးအောင်မျိုးသန်း	ကော့မှူးမဲဆန္ဒနယ်	အဖွဲ့ဝင်
(၆)	ဒေါ်သိဂီမြင့်ရည်	ဒိုက်ဦးမဲဆန္ဒနယ်	အဖွဲ့ဝင်
(၇)	ဒေါ်စိုးစိုးရီ	ဖျာပုံမဲဆန္ဒနယ်	အဖွဲ့ဝင်
(၈)	ဦးစိုးနိုင်	မင်းတုန်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၉)	ဦးစောဝင်းထိန်	ဖာပွန်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၀)	ဦးသန်းနိုင်	ဝါးခယ်မမဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၁)	ဦးစိုးဝင်း	မြို့သစ်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၂)	ဦးဂုဏ်ဝမ်း	ခန္တီးမဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၃)	ဗိုလ်ချုပ်ရဲကျော်သူ	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင်
(၁၄)	ဒုတိယဗိုလ်မှူးကြီး တင်သောင်းလင်း	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင် နှင့်
(၁၅)	ဒေါက်တာကျော်ကျော်ဌေး	ထားဝယ်မဲဆန္ဒနယ်	အတွင်းရေးမှူး

တို့ဖြစ်ကြပါတယ်။

လွတ်တော်အခွင့်အရေးကော်မတီမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဦးမောင်မောင်အုန်း တပ်ကုန်း မဲဆန္ဒနယ်၊ အတွင်းရေးမှူးအဖြစ် ဒေါက်တာကျော်ကျော်ဌေး ထားဝယ်မဲဆန္ဒနယ်တို့အား တာဝန် ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းတင်ပြပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆက်လက်ပြီး အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီဖွဲ့စည်းရေးကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယခု ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ရှင်းလင်းပြောကြားပေးဖို့ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အစိုးရ၏အာမခံချက်များ ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

ဒုတိယဥက္ကဋ္ဌ။ ။ ကျွန်တော် ယခုအစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီအစည်းအဝေးများ အကြောင်းကို ဆက်လက်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဟာ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်ပါတယ်။

ကော်မတီ၏သက်တမ်း

ကော်မတီ၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏သက်တမ်းနှင့်အညီဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလိုလဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်ပါတယ်။

ကော်မတီအစည်းအဝေးများ

ကော်မတီ၏အစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက် များနှင့်အညီ ကျင်းပရမှာဖြစ်ပါတယ်။

ကော်မတီ၏တာဝန်များ

ကော်မတီ၏တာဝန်များအနေနဲ့ ကော်မတီဟာ ပြည်သူ့လွှတ်တော်မှာ ပြည်ထောင်စုအစိုးရ အဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက အခါအားလျော်စွာပေးအပ်ခဲ့သည့် အာမခံချက်များ၊

ကတိများနှင့်တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်းရှိ မရှိ စိစစ်ပြီး အောက်ပါအချက်များနှင့် စပ်လျဉ်းပြီး လွှတ်တော်သို့ တင်ပြရမှာဖြစ်ပါတယ် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကပေးခဲ့သော အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များကို မည်သည့်အခြေအနေထိ ဆောင်ရွက်ပြီးကြောင်း၊

(ခ) အဆိုပါ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကဆောင်ရွက်ပြီးဖြစ်လျှင် ထိုသို့ ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့်ကာလအတွင်း သတ်မှတ်ချက်အတိုင်း ဆောင်ရွက် ပြီးစီးခြင်းရှိ မရှိနှင့် မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်းရှိ မရှိ တို့ဖြစ်ပါတယ်။

ကော်မတီ၏အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်းပြီး -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကိုလွှတ်တော်သို့တင်ပြရမှာဖြစ်ပါတယ်။

(ခ) ကော်မတီဝင်များသည် အစီရင်ခံစာကိုသဘောတူကြောင်း လက်မှတ်ရေးထိုးရမှာ ဖြစ်သော်လည်း သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသား ဖော်ပြပြီး လက်မှတ်ရေးထိုးလျက်အစီရင်ခံစာမှာ ပူးတွဲဖော်ပြနိုင်ပါတယ်။

(ဂ) ကော်မတီသည်အစီရင်ခံစာကို လွှတ်တော်သို့တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်ထားသောနေ့တွင် အစီရင်ခံစာကိုဆွေးနွေးရန် အဆိုတင်သွင်း ရမှာဖြစ်ပါတယ်။ ယင်းအဆိုအတည်ဖြစ်ပြီးသောအခါ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့၏ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များကိုပေးနိုင်ပါတယ်။ သို့သော်လည်း အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်များ မပြုလုပ်ရပါဘူး။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမှာဖြစ်ပါတယ်။

(င) လွှတ်တော်က သတ်မှတ်ထားသည့်ရက်အတွင်း အပြီးသတ်အစီရင်ခံစာ တင်ပြနိုင်ခြင်း မရှိပါက ကြားဖြတ်အစီရင်ခံစာတင်ပြရမှာဖြစ်ပါတယ်။

ကော်မတီအစည်းအဝေးမှာ ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရပါဘူး။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို

အသေးစိတ်မှတ်တမ်းတင်ပြီး ကော်မတီကအတည်ပြုထားရမှာဖြစ်ပါတယ်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ ပြည်သူ့လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူပူးတွဲပြီး အမှုတွဲအဖြစ်တပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမှာဖြစ်ပါတယ်။

ကော်မတီ၏လုပ်ပိုင်ခွင့်များအနေနဲ့ တာဝန်များနှင့်စပ်လျဉ်းပြီး ထိရောက်မှုနှင့်ကန်စွာဆောင်ရွက်ထားခြင်းရှိ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့်နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်ပါတယ်။

ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိပါတယ်။

(ခ) လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိပါတယ်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိပါတယ်။

ကော်မတီဟာ လွှတ်တော်မှာ ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက အခါအားလျော်စွာပေးခဲ့တဲ့ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များကို စိစစ်ရာမှာ -

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်းပြီး ထောက်ခံသူမလိုပါဘူး။

(ခ) ကော်မတီဝင်များဟာ ကိစ္စတစ်ခုနှင့်စပ်လျဉ်းပြီး တစ်ကြိမ်ထက်ပိုပြီးဆွေးနွေးခွင့်ရှိပါတယ်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့်တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သောအကြောင်းအရာများကို သိရှိနားလည်သည်ဟုယူဆသူများအားလည်းကောင်း ဖိတ်ကြားပြီး ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့် အထောက်အထားများကိုတင်ပြစေခြင်းများ ပြုလုပ်နိုင်ပါတယ်။

ကော်မတီဝင်၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ

ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများအနေနဲ့ ကော်မတီဝင်များဟာ ကော်မတီလုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီ

ရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကိုခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိပါတယ်။

ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိပါတယ်။

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှကင်းလွတ်ခွင့်ရှိပါတယ်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့်ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိပါတယ်။

ကျွန်တော် ယခုတင်ပြရှင်းလင်းသွားတာကတော့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီအစည်းအဝေးများအကြောင်းပဲဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့တင်ပြခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီမှာ ပါဝင်ရန်လျာထားတဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့ရဲ့အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးနဲ့ ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန်လျာထားတဲ့ ကိုယ်စားလှယ်များကတော့ -

(၁)	ဦးသန်းထွန်းဦး	ကျိုင်းတုံမဲဆန္ဒနယ်	ဥက္ကဋ္ဌ
(၂)	ဦးမင်းခန့်ကျော်	ပဲခူးမဲဆန္ဒနယ်	အဖွဲ့ဝင်

(၃)	ဦးခင်မောင်ထွန်း	ဖောင်းပြင်မဲဆန္နနယ်	အဖွဲ့ဝင်
(၄)	ဦးအောင်လင်းလှိုင်	ဘုတ်ပြင်းမဲဆန္နနယ်	အဖွဲ့ဝင်
(၅)	ဦးအောင်ကျော်နှင်း	ကျွန်းစုမဲဆန္နနယ်	အဖွဲ့ဝင်
(၆)	ဒေါက်တာနန္ဒာလှမြင့်	ကလောမဲဆန္နနယ်	အဖွဲ့ဝင်
(၇)	ဦးအောင်ကိုလတ်	တမူးမဲဆန္နနယ်	အဖွဲ့ဝင်
(၈)	ဦးတိုးဝင်း	တောင်သာမဲဆန္နနယ်	အဖွဲ့ဝင်
(၉)	ဒေါ်ဆွေဆွေသင်း	ပေါင်းတည်မဲဆန္နနယ်	အဖွဲ့ဝင်
(၁၀)	ဦးဉာဏ်ဝင်းထိုက်	ဗိုလ်တထောင်မဲဆန္နနယ်	အဖွဲ့ဝင်
(၁၁)	ဒေါ်စမ်းစမ်းဌေး	ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္နနယ်	အဖွဲ့ဝင်
(၁၂)	ဒေါက်တာထိန်ဝင်း	ကျောင်းကုန်းမဲဆန္နနယ်	အဖွဲ့ဝင်
(၁၃)	ဗိုလ်မှူးချုပ်အောင်စိုး	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင်
(၁၄)	ဒုတိယဗိုလ်မှူးကြီးလှနိုင်	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင် နှင့်
(၁၅)	ဦးသန်းထွန်း	ပုသိမ်မဲဆန္နနယ်	အတွင်းရေးမှူး

တို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဦးသန်းထွန်းဦး ကျိုင်းတုံမဲဆန္နနယ်နှင့် အတွင်းရေးမှူးအဖြစ် ဦးသန်းထွန်း ပုသိမ်မဲဆန္နနယ်တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးစတုတ္ထနေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ရပ်နားပါမယ်။ တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးစတုတ္ထနေ့ကို ၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက် (ကြာသပတေးနေ့) ၁၀:၀၀ အချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

အချိန်၊ ၁၀:၃၅။

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့ကို ၁၀:၃၅ အချိန်တွင် ရပ်နားပါသည်။]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

စတုတ္ထနေ့မှတ်တမ်း

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်)

(ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို နံနက် ၁၀:၀၀ အချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀:၀၀။

အခမ်းအနားမှူး။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့အစီအစဉ် စတင်ပါတော့မယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

ဥက္ကဋ္ဌ။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား ။

ကိုယ်စားလှယ်များ။ ။ မင်္ဂလာပါ။

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၇၃ ဦးရှိတဲ့အနက် အစည်းအဝေးကို ၃၇၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ဦးရေ စုစုပေါင်းရဲ့ ၉၉.၂၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဒေါ်ဘာသံများ)

တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ်ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

ဦးသိန်းထွန်းဦး(အမရပူရမဲဆန္နနယ်)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၆-၃-၂၀၂၆ ရက်နေ့ တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးစတုတ္ထနေ့ကို မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူလွှတ်တော်ကိုယ်စားလှယ် များ၏ကိုယ်စား အမရပူရမဲဆန္နနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသိန်းထွန်းဦးက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၃၇၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၀ ဦးရှိကာ ယခင်ခွင့်ပန်ကြားသူ ၂ ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ ၁ ဦး ရှိပါတယ်ခင်ဗျား။ ယနေ့ခွင့်ပန်ကြားသူကတော့ ချမ်းအေးသာစံမဲဆန္နနယ်မှ ဒေါ်မြင့်မြင့်ဌေး ခွင့် ၁ ရက်ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အဆိုပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၃၇၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားတဲ့သူ ၂ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်ကမှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၀၊ ၁၁ နှင့် ၁၃ တို့အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့ အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ အောက်ဖော်ပြပါ ပြည်ပနိုင်ငံလွှတ်တော်အကြီးအကဲများထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ရောက်ရှိခဲ့မှုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်ထားရှိမည် ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါမယ်-

(၁) တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ H.E. မစ္စတာကျောင်းလီကျဲ ထံမှ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(၂) ဘယ်လာရုစ်နိုင်ငံ၊ Belaya Rus ပါတီဥက္ကဋ္ဌ မစ္စအော်လ်ဂါချမ်မိုဒါနိုဗာထံမှ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(၃) ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. မစ္စတာဗစ်ခြစ်စလက်ဗာလိုဒင် ထံမှ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(၄) တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၊ နိုင်ငံတကာရေးရာဌာန၊ ဝန်ကြီးမစ္စတာလျီဟိုင်ရှင်း ထံမှ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(၅) ရုရှားမြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အလက်ဇန္ဒားအိုစထရော့ဗ်စကီးထံမှ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာတို့ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏အမည်စာရင်းကို လည်းကောင်း၊ လွှတ်တော်အခွင့်အရေးကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးများကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော် အခွင့်အရေးကော်မတီမှာ ပါဝင်မယ့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များရဲ့ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့အမည်စာရင်း၊ ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့်စပ်လျဉ်းပြီး တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ၂၄-၃-၂၀၂၆ ရက်နေ့တွင် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီအစည်းအဝေးတို့ကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်အခွင့်အရေးကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးမောင်မောင်အုန်း၊ တပ်ကုန်းမဲဆန္ဒနယ်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဒေါက်တာကျော်ကျော်ဌေး၊ ထားဝယ်မဲဆန္ဒနယ်အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

(၁)	ဒေါက်တာကျော်ဦး	တောင်ငူမဲဆန္ဒနယ်	အဖွဲ့ဝင်
(၂)	ဦးလှဆွေ	ပုဗ္ဗသီရိမဲဆန္ဒနယ်	အဖွဲ့ဝင်
(၃)	ဦးအောင်ဇော်မိုး (ခ) အောင်ဇော်မိုးထွန်း	မူဆယ်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၄)	ဦးအောင်မျိုးသန်း	ကော့မှူးမဲဆန္ဒနယ်	အဖွဲ့ဝင်

(၅)	ဒေါ်သိဂီမြင့်ရည်	ဒိုက်ဦးမဲဆန္နနယ်	အဖွဲ့ဝင်
(၆)	ဒေါ်စိုးစိုးရီ	ဖျာပုံမဲဆန္နနယ်	အဖွဲ့ဝင်
(၇)	ဦးစိုးနိုင်	မင်းတုန်းမဲဆန္နနယ်	အဖွဲ့ဝင်
(၈)	ဦးစောဝင်းထိန်	ဖာပွန်မဲဆန္နနယ်	အဖွဲ့ဝင်
(၉)	ဦးသန်းနိုင်	ဝါးခယ်မမဲဆန္နနယ်	အဖွဲ့ဝင်
(၁၀)	ဦးစိုးဝင်း	မြို့သစ်မဲဆန္နနယ်	အဖွဲ့ဝင်
(၁၁)	ဦးဂုဏ်ဝမ်း	ခန္တီးမဲဆန္နနယ်	အဖွဲ့ဝင်
(၁၂)	ဗိုလ်ချုပ်ရဲကျော်သူ	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင် နှင့်
(၁၃)	ဒုတိယဗိုလ်မှူးကြီး တင်သောင်းလင်း	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင်

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏အမည်စာရင်းကိုလည်းကောင်း၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း နှင့်ကော်မတီအစည်းအဝေးများကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီမှာ ပါဝင်မယ့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင် များရဲ့အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့ရဲ့အမည်စာရင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်းပြီး တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့ ၂၄-၃-၂၀၂၆ ရက်နေ့တွင် တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီ အစည်းအဝေးတို့ကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ အစိုးရ၏အာမခံချက်များ၊

ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီအစည်းအဝေးတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးသန်းထွန်းဦး၊ ကျိုင်းတုံမဲဆန္ဒနယ်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးသန်းထွန်း၊ ပုသိမ်မဲဆန္ဒနယ်အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

(၁)	ဦးမင်းခန့်ကျော်	ပဲခူးမဲဆန္ဒနယ်	အဖွဲ့ဝင်
(၂)	ဦးခင်မောင်ထွန်း	ဖောင်းပြင်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၃)	ဦးအောင်လင်းလှိုင်	ဘုတ်ပြင်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၄)	ဦးအောင်ကျော်နှင်း	ကျွန်းစုမဲဆန္ဒနယ်	အဖွဲ့ဝင်
(၅)	ဒေါက်တာနန္ဒာလှမြင့်	ကလောမဲဆန္ဒနယ်	အဖွဲ့ဝင်
(၆)	ဦးအောင်ကိုလတ်	တမူးမဲဆန္ဒနယ်	အဖွဲ့ဝင်
(၇)	ဦးတိုးဝင်း	တောင်သာမဲဆန္ဒနယ်	အဖွဲ့ဝင်
(၈)	ဒေါ်ဆွေဆွေသင်း	ပေါင်းတည်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၉)	ဦးဉာဏ်ဝင်းထိုက်	ဗိုလ်တထောင်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၀)	ဒေါ်စမ်းစမ်းဌေး	ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၁)	ဒေါက်တာထိန်ဝင်း	ကျောင်းကုန်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၂)	ဗိုလ်မှူးချုပ်အောင်စိုး	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင် နှင့်
(၁၃)	ဒုတိယဗိုလ်မှူးကြီးလှနိုင်	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင်

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းပြီးဖြစ်၍ ၂၄-၂-၂၀၂၆ ရက်နေ့တွင် ဖွဲ့စည်းခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို လွှတ်တော်အခွင့်အရေးကော်မတီက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးတင်ပြခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းပြီးဖြစ်၍ ၂၄-၂-၂၀၂၆ ရက်နေ့တွင်ဖွဲ့စည်းခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ လုပ်ငန်းတာဝန်များကို ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ) အရ လွှတ်တော်အခွင့်အရေးကော်မတီက တတိယအကြိမ်ပြည်သူ့လွှတ်တော်သက်တမ်းအတွင်း ဆက်လက်ကျင်းပမည့်အစည်းအဝေးများမှာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးတင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးပဉ္စမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့ရပ်နားပါမယ်။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးပဉ္စမနေ့ကျင်းပမယ့် နေ့ရက်နှင့်အချိန်တို့ကို ထပ်မံ ကြေညာမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

အချိန်၊ ၁၀:၁၃။

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို ၁၀:၁၃ အချိန်တွင် ရပ်နားပါသည်။]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့
အစည်းအဝေး

ပထမနေ့မှတ်တမ်း
၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်
(၂၀၂၆ ခုနှစ်၊ မတ် လ ၃၀ ရက်)
(တနလင်္ဘာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို နံနက် ၁၀:၀၀ အချိန်၌ စတင်ကျင်းပပါသည်။

[ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ကြီးကြပ်ကွပ်ကဲသူ အဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီကဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀:၀၀ ။

အခမ်းအနားမှူး။ ။ လေးစားအပ်ပါသော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးပထမနေ့ကို စတင်ကျင်းပပါတော့မယ်။ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၈ အရ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးပထမနေ့မှာ ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်မှာဖြစ်ပါတယ်။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတရွေးချယ်တင်မြှောက်ပွဲကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၈ အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

ဥက္ကဋ္ဌ။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။

ကိုယ်စားလှယ်များ။ ။ မင်္ဂလာပါ။

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးပထမနေ့အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးပထမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ကိုယ်စားလှယ် ၂၆၃ ဦး ရှိပြီးတော့ အစည်းအဝေးကို ၂၆၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်းရဲ့ ၉၉.၂၄ ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေတက်ရောက်တဲ့အတွက် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ပထမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့အစီအစဉ်ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီက တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

ဦးစောဝင်းထိန် (အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၃၀-၃-၂၀၂၆ ရက်နေ့ တတိယအကြိမ်ပြည်သူ့လွှတ်တော် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ပထမနေ့သို့မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးစောဝင်းထိန် ဖာပွန်မဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။

ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၂၆၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၂၆၁ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂ ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူ ၂ ဦးကတော့-

(၁) ဖောင်းပြင်မဲဆန္နနယ်မှ ဦးခင်မောင်ထွန်း ခွင့် ၁ ရက်နှင့်

(၂) ဓနုဖြူမဲဆန္နနယ်မှ ဦးနိုင်ဝင်း ခွင့် ၅ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အဆိုပါကိုယ်စားလှယ်များ၏ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။ ရွှေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးကို တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၂၆၃ ဦးဖြစ်ပြီးတော့ ခွင့်ပန်ကြားလို့ ခွင့်ပြုထားသူ ၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရွှေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၀ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ရွှေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ရွှေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

ဒုတိယသမ္မတလောင်းအဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခြင်း

ဥက္ကဋ္ဌ။ ။ ရွှေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ရွှေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွှေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) အရ ဒုတိယသမ္မတတစ်ဦးကို လွှတ်တော် ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ ရွှေးချယ်တင်မြှောက် ရမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွှေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၁၁ အရ ဒုတိယသမ္မတလောင်းတစ်ဦးကို တစ်ဦးချင်းအဆိုပြုလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်က လည်းကောင်း၊ စုပေါင်း၍အဆိုပြုလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကလည်းကောင်း အဆိုတင်သွင်း၍ ကျန်လွှတ်တော်ကိုယ်စားလှယ်များအနက်မှ တစ်ဦးစီက

သက်ဆိုင်ရာအဆိုအသီးသီးကို ထောက်ခံရမှာဖြစ်ပါတယ်။ မိမိတို့နေရာမှာပဲ မိုက်ကို အသုံးပြုပြီးတော့ အဆိုပြုထောက်ခံကြဖို့ဖြစ်ပါတယ်။ ယခုအဆိုတင်သွင်းထောက်ခံမှုပြုနိုင်ကြပါပြီခင်ဗျား။

ဒေါက်တာကျော်ကျော်ဌေး(ထားဝယ်မဲဆန္ဒနယ်)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ထားဝယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်ဌေးဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒုတိယသမ္မတလောင်းရွေးချယ်နိုင်ရန်အတွက် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အဆိုတင်သွင်းပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

နန်းရီရီဝင်း(ပင်လောင်းမဲဆန္ဒနယ်)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ပင်လောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နန်းရီရီဝင်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒုတိယသမ္မတလောင်းရွေးချယ်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်ဌေး၊ ထားဝယ်မဲဆန္ဒနယ်ကတင်သွင်းသည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

ဦးနိုင်မင်းဦး(ကြံခင်းမဲဆန္ဒနယ်)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်မင်းဦး၊ ကြံခင်းမဲဆန္ဒနယ်ကဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေဖြင့် ဒုတိယသမ္မတလောင်းရွေးချယ်နိုင်ရန်အတွက် ဒေါက်တာကျော်ဆွေ၊ တောင်တွင်းကြီးမဲဆန္ဒနယ်အား အဆိုတင်သွင်းကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

ဦးမိုးတင်(စေတုတ္တရာမဲဆန္ဒနယ်)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးတင်၊ စေတုတ္တရာမဲဆန္ဒနယ်မှဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယသမ္မတလောင်းရွေးချယ်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်မင်းဦး၊ ကြံခင်းမဲဆန္ဒနယ်ကတင်သွင်းသည့် ဒေါက်တာကျော်ဆွေ၊ တောင်တွင်းကြီးမဲဆန္ဒနယ်အား ထောက်ခံတင်ပြကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခမ်းအနားမှူးထံမှ ထုတ်ယူထားတဲ့ ဒုတိယသမ္မတလောင်း အဆိုပြုလွှာပုံစံ (၁) ကို အချက်အလက်များ ပြည့်စုံစွာဖြည့်သွင်းပြီးပါက အခမ်းအနားမှူးမှတစ်ဆင့် ကျွန်တော့်ထံ တင်ပြဖို့ဖြစ်ပါတယ်။

အခမ်းအနားမှူး။ ။ အဆိုပြုလွှာပုံစံ (၁) ကို လာရောက်ပေးကြဖို့ ဖိတ်ခေါ်ပါတယ်။

[ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့ဝင်များ အဆိုပြုလွှာများ တင်ပြကြပါသည်။]

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုလွှာဖြင့် တင်ပြသော ဒုတိယသမ္မတလောင်းများ အမည်စာရင်းကို ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယသမ္မတလောင်း အဆိုပြုလွှာပုံစံထုတ်ယူတဲ့အရေအတွက်ဟာ နှစ်စောင်ဖြစ်ပြီးတော့ ပြန်လည်တင်သွင်းတဲ့အရေအတွက်ဟာ နှစ်စောင်ဖြစ်ပါတယ်။

ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခမ်းအနားမှူးရဲ့ဖြည့်သွင်းချက်များကို ရရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတလောင်း အမည်စာရင်းအဆိုပြုလွှာ တင်သွင်းရာမှာ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ဒေါက်တာကျော်ကျော်ဌေး၊ ထားဝယ်မဲဆန္ဒနယ်က အဆိုတင်သွင်းပြီး နန်းရီရီဝင်း၊ ပင်လောင်းမဲဆန္ဒနယ်က ထောက်ခံတင်ပြထားပါတယ်။ ဒါ့အပြင် ဒေါက်တာကျော်ဆွေ၊ တောင်တွင်းကြီးမဲဆန္ဒနယ်ကို ဦးနိုင်မင်းဦး၊ ကြံခင်းမဲဆန္ဒနယ်က အဆိုတင်သွင်းပြီး ဦးမိုးတင်၊ စေတုတ္တရာမဲဆန္ဒနယ်က ထောက်ခံတင်ပြထားပါတယ်။ ဒါကြောင့် အဆိုပြုလွှာပုံစံ (၁) များနဲ့ တင်ပြလာတဲ့ ဒုတိယသမ္မတလောင်းအမည်စာရင်းများကို အကွာရာစဉ်အလိုက် ကြေညာပါ့မယ်။

(၁) ဒေါက်တာကျော်ဆွေ — တောင်တွင်းကြီးမဲဆန္ဒနယ်

(၂) ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် — တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

တို့ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသောအရည်အချင်းများနှင့် ပြည့်စုံခြင်းရှိ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင်ပါဝင်မည့် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခြင်း

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ပြီးတဲ့အခါ ရွေးချယ်တင်မြှောက်လိုက်တဲ့ ဒုတိယသမ္မတအား နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃ ပါ အရည်အချင်းများနဲ့ ပြည့်စုံမှုရှိ မရှိ စိစစ်နိုင်ဖို့ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၃၈ အရ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းပြီး နည်းဥပဒေ ၃၁ အရ စိစစ်ရမှာဖြစ်ပါတယ်။ နည်းဥပဒေ ၃၈ အရ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းရာမှာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်ပေးတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးပါဝင်ရမှာဖြစ်ပါတယ်။ ဒါကြောင့်ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က မိမိတို့အထဲကကိုယ်စားလှယ်တစ်ဦးကို ရွေးချယ်ပေးရမှာဖြစ်ပါတယ်။ ဒီလို ရွေးချယ်ပေးဖို့အတွက် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အခြား

ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းပြီး ကျန်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ဖြစ်ပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ရဲ့လက်ရှိနေရာမှာပဲ မိုက်ကိုအသုံးပြုပြီးတော့ အဆိုပြုထောက်ခံကြဖို့ ဖြစ်ပါတယ်။ အဆိုတင်သွင်းဖို့နဲ့ ထောက်ခံဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေဖြင့် နိုင်ငံတော်သမ္မတအတွက်သတ်မှတ်ထားတဲ့အရည်အချင်းများနဲ့ ပြည့်စုံခြင်းရှိ မရှိ စိစစ်ရေးအဖွဲ့ဝင်အဖြစ် ဦးခင်မောင်စိုး၊ လှည်းကူးမဲဆန္ဒနယ်အား အဆိုတင်သွင်းပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

ဒေါက်တာသန့်ဇော်လွင်(ညောင်လေးပင်မဲဆန္ဒနယ်)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန့်ဇော်လွင်၊ ညောင်လေးပင်မဲဆန္ဒနယ်ဖြစ်ပါတယ်။ စိစစ်ရေးအဖွဲ့ဝင်အဖြစ်ရွေးချယ်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်ကတင်သွင်းသည့် ဦးခင်မောင်စိုး၊ လှည်းကူးမဲဆန္ဒနယ်အား ထောက်ခံအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က နိုင်ငံတော်သမ္မတအရည်အချင်းနဲ့ပြည့်စုံမှုရှိ မရှိ စိစစ်ရေးအဖွဲ့ အဖွဲ့ဝင်အမည်စာရင်းအဆိုပြုရာမှာ ဦးခင်မောင်စိုး၊ လှည်းကူးမဲဆန္ဒနယ်ကို ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က အဆိုတင်သွင်းပြီး ဒေါက်တာသန့်ဇော်လွင်၊ ညောင်လေးပင်မဲဆန္ဒနယ်ကထောက်ခံထားပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတအရည်အချင်းနဲ့ ပြည့်စုံမှုရှိ မရှိ စိစစ်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တစ်ဦးတည်းကိုသာအဆိုပြုတင်သွင်းထားတဲ့အတွက် ဦးခင်မောင်စိုး၊ လှည်းကူးမဲဆန္ဒနယ်ကို နိုင်ငံတော်သမ္မတအရည်အချင်းနဲ့ ပြည့်စုံမှုရှိ မရှိ စိစစ်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

အဆိုပြုလွှာများကို ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌက စိစစ်နိုင်ရန်နှင့် ဒုတိယသမ္မတလောင်းအမည်စာရင်းကို ပြုစုနိုင်ရန် အစုအဖွဲ့အစည်းအဝေးပထမနေ့ ရပ်နားမည်ဖြစ်ကြောင်းနှင့် အစုအဖွဲ့အစည်းအဝေးဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၁၃ အရ ကျွန်တော်နှင့်ဒုတိယဥက္ကဋ္ဌတို့က ယခုတင်ပြတဲ့ဒုတိယသမ္မတလောင်းအဆိုပြုလွှာကို စိစစ်နိုင်ဖို့နဲ့ဒုတိယသမ္မတလောင်းများအမည်စာရင်းပြုစုနိုင်ဖို့ အစည်းအဝေးကိုရပ်နားမှာဖြစ်ပါတယ်။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကို ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက် (အင်္ဂါနေ့)

နံနက် ၁၀:၀၀ အချိန်မှာ ကျင်းပမှာဖြစ်ပါတယ်။ ဒီကနေ့ကျင်းပတဲ့ ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးပထမနေ့ ရပ်နားကြောင်းကြေညာပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၀:၂၆ ။

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ကို ၁၀:၂၆ အချိန်တွင် ရပ်နားပါသည်။]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့
အစည်းအဝေး

ဒုတိယနေ့မှတ်တမ်း
၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ မတ် လ ၃၁ ရက်)
(အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးကို နံနက် ၁၀:၀၀ အချိန်၌ စတင်ကျင်းပပါသည်။

[ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ကြီးကြပ်ကွပ်ကဲသူ အဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီကဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀:၀၀ ။

အခမ်းအနားမှူး။ ။ လေးစားအပ်ပါသော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကို စတင်ကျင်းပပါတော့မယ်။ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၈ အရ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတရွေးချယ်တင်မြှောက်ပွဲကို နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၈ အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြီးကြပ်ကွပ်ကဲမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ စင်မြင့်ပေါ်သို့ကြွရောက်နေရာယူမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

ဥက္ကဋ္ဌ။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။

ကိုယ်စားလှယ်များ။ ။ မင်္ဂလာပါ။

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၂၆၃ ဦးရှိပြီး အစည်းအဝေးကို ၂၆၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်းရဲ့ ဇွန်.၈၆ ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေတက်ရောက်တဲ့အတွက် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီက တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

ဦးစောဝင်းထိန် (အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၃၁-၃-၂၀၂၆ ရက်နေ့ တတိယအကြိမ်ပြည်သူ့လွှတ်တော် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ဒုတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးစောဝင်းထိန် ဖာပွန်မဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၂၆၃ ဦးရှိပြီး တက်ရောက်သူ

ကိုယ်စားလှယ် ၂၆၀ ဦးရှိကာ ယခင်ခွင့်ပန်ကြားသူ ၁ ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ ၂ ဦးရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများကတော့-

(၁) ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးခင်မောင်ထွန်း ခွင့် ၁ ရက် နှင့်

(၂) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် ခွင့် ၃ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အဆိုပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။ ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အစည်းအဝေးကိုတက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ ၂၆၃ ဦးဖြစ်ပြီး ယခင်ကခွင့်ပန်ကြားလို့ ခွင့်ပြုထားသူ ၁ ဦး၊ ဒီနေ့ခွင့်ပန်ကြားလို့ ခွင့်ပြုထားသူ ၂ ဦးဖြစ်လို့ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

ဒုတိယသမ္မတလောင်းများ အမည်စာရင်းကြေညာခြင်း

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယသမ္မတလောင်း များအဖြစ် အဆိုပြုလွှာများကို နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၃ အရ ကျွန်တော်နှင့် ဒုတိယဥက္ကဋ္ဌတို့က စိစစ်ခဲ့ရာပြည့်စုံမှုရှိကြောင်း တွေ့ရှိရပါတယ်။ ကိုယ်စားလှယ်များကအဆိုတင်သွင်းထားတဲ့ ဒုတိယသမ္မတလောင်းနှစ်ဦး၏ အကျဉ်းအလိုက် အမည်စာရင်းမှာ (၁) ဒေါက်တာကျော်ဆွေ၊ တောင်တွင်းကြီးမဲဆန္ဒနယ်၊ (၂) ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တို့ဖြစ်ပါတယ်။ ဒါကြောင့် ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူတစ်ဦးထက် ပိုတဲ့အတွက် ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်နိုင်ရန် နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၁၆ အရ ဆန္ဒမဲလက်မှတ်နဲ့လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

ဒုတိယသမ္မတလောင်းများ အမည်စာရင်းတင်သွင်းရာ၌ (၂) ဦးရှိသဖြင့် ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်ခြင်း

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆန္ဒမဲပေးပွဲမစတင်မီမှာ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲပေးပုံပေးနည်းကို ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းကို နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးပွဲကို ကျွန်တော်နှင့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ဝင်တို့ရဲ့ ရှေ့မှောက်မှာ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များလျှို့ဝှက်ဆန္ဒမဲပေးရာမှာ လွတ်လပ်စွာဆန္ဒပြုဖို့အတွက် အစည်းအဝေးခန်းမအတွင်း သီးသန့်နေရာများစီစဉ်ထားရှိပါတယ်။ ဆန္ဒမဲပေးရာမှာ အသုံးပြုမယ့် ဆန္ဒမဲလက်မှတ်များကို ပြည်သူ့လွှတ်တော်ရုံး၊ ဒုတိယဥက္ကဋ္ဌန်ကြားရေးမှူးချုပ်က ကျွန်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ဝင်တို့ရဲ့ ရှေ့မှောက်မှာရေတွက်ပြီး ကျွန်တော့်ထံတင်ပြ မှတ်တမ်းတင်မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရုံးတာဝန်ရှိဝန်ထမ်းများက ကျွန်တော်နှင့်ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ဝင်တို့ရှေ့မှာ ဆန္ဒမဲပုံးများအတွင်းမည်သည့်အရာမျှ မရှိကြောင်းပြပြီး မဲပုံးများကိုမြင်သာတဲ့နေရာမှာထားရှိမှာဖြစ်ပါတယ်။

ကိုယ်စားလှယ်များအနေနဲ့ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ထားတဲ့နေရာများမှာ လက်မှတ်ထိုး ထုတ်ယူပြီး သတ်မှတ်ထားတဲ့ လျှို့ဝှက်ဆန္ဒပြုရန်နေရာများမှာ ဆန္ဒပြုရမှာဖြစ်ပါတယ်။ ဆန္ဒပြုရာတွင် ဆန္ဒမဲလက်မှတ်မှာ ထောက်ခံသူတစ်ဦးအား မင်ဖြင့်အမှန်အမှတ်အသားကိုလည်းကောင်း၊ ကျန်ကန့်ကွက်သူ တစ်ဦးအား မင်ဖြင့်ကြက်ခြေအမှတ်အသားကိုလည်းကောင်း အထင်အရှားပြုရမှာဖြစ်ပါတယ်။ အဲဒီနောက်မှာ ဆန္ဒမဲလက်မှတ်ကို မိမိတို့ကိုယ်တိုင်ဆန္ဒမဲပုံးထဲကို ထည့်ရပါမယ်။ ကိုယ်စားလှယ်များ အနေနဲ့ ဆန္ဒမဲလက်မှတ်ပေါ်မှာမှားယွင်းရေးသားမိပါက ယင်းဆန္ဒမဲလက်မှတ်ကိုပယ်ဖျက်၍ ဆန္ဒမဲလက်မှတ်အသစ်လဲလှယ်ဖို့ တောင်းခံနိုင်ပါတယ်။ ဆန္ဒမဲလက်မှတ်အဟောင်းကို ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ဝင်က ကျွန်တော့်ရှေ့မှောက်မှာ ချက်ချင်းဖျက်ဆီးပစ် ရမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၉ အရ ဒုတိယသမ္မတလောင်းတစ်ဦးချင်းရရှိတဲ့ ဆန္ဒမဲလက်မှတ်များရေတွက်ရာမှာ ပယ်မဲအဖြစ်သတ်မှတ်မယ့် ဆန္ဒမဲလက်မှတ်တွေကတော့ ဆန္ဒမဲပုံးထဲသို့မထည့်ဘဲ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့တဲ့ ဆန္ဒမဲလက်မှတ်များ၊ ဒုတိယသမ္မတလောင်းတစ်ဦးထက်ပို၍ ထောက်ခံဆန္ဒပြုထားသော ဆန္ဒမဲလက်မှတ်များ၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှဆန္ဒပြုထားခြင်းမရှိတဲ့ ဆန္ဒမဲလက်မှတ်များ၊ အမှန်အမှတ်အသားနှင့် ကြက်ခြေအမှတ်အသားများမှအပ အခြားအမှတ်အသားများပြုထားတဲ့ ဆန္ဒမဲလက်မှတ်များ၊ မည်သူ့ကိုဆန္ဒပြုထားကြောင်းမသိနိုင်တဲ့ဆန္ဒမဲလက်မှတ်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ

ဒုတိယညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် လက်မှတ်ရေးထိုးထားခြင်းမရှိတဲ့ဆန္ဒမဲလက်မှတ်များ၊ အတုပြုလုပ်ထားတဲ့ဆန္ဒမဲလက်မှတ်များ၊ ထောက်ခံသူကို အမှန်အမှတ်အသားတစ်ခုတည်းသာ ပြုလုပ်ထားပြီး ကန့်ကွက်သူကို ကြက်ခြေအမှတ်အသားပြုလုပ်ထားခြင်းမရှိတဲ့ဆန္ဒမဲလက်မှတ် အရေအတွက်တို့ဖြစ်ပါတယ်။

ထပ်မံရှင်းပြလိုတဲ့အချက်ကတော့ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာနည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ (ဇ) အရ ထောက်ခံသူတစ်ဦးအား မင်ဖြင့်အမှန်အမှတ်အသားကို လည်းကောင်း၊ ကျန်ကန့်ကွက်သူတစ်ဦးအား မင်ဖြင့်ကြက်ခြေအမှတ်အသားကိုလည်းကောင်း အထင်အရှားပြုရမှာဖြစ်ပါတယ်။

သေချာအောင်ထပ်မံတင်ပြရလျှင် ထောက်ခံမည့်သူကိုသာ အမှန်အမှတ်အသားပေးပြီး မထောက်ခံတဲ့သူကို ကြက်ခြေအမှတ်အသားမပြထားခြင်းအတွက် အဲ့ဒီမဲလက်မှတ်ဟာပယ်မဲ ဖြစ်သွားပါမယ်။ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၇ အရ ဥက္ကဋ္ဌဖြစ်သူကျွန်တော်ကလည်း ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ဝင်တွေနဲ့အတူ ဆန္ဒမဲပေးမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးပွဲမစတင်မီ ဆန္ဒမဲပေးပွဲမှာအသုံးပြုမယ့် ဆန္ဒမဲလက်မှတ်တွေကို နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ (ဂ) နှင့်အညီ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ဝင်တို့ရဲ့ရှေ့မှောက်မှာ တာဝန်ပေးထားတဲ့ ပြည်သူ့လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ရေတွက်ပြီး ကျွန်တော့်ထံဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။

[ဆန္ဒမဲပေးရာတွင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်ပါသည်။]

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ယူဆောင်လာတဲ့ ဆန္ဒမဲလက်မှတ်အရေအတွက်က ၂၈၀ ရွက်ဖြစ်ပါတယ်။ ယနေ့တက်ရောက်သူ ၂၆၀ ဦးဖြစ်တဲ့အတွက် ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆန္ဒမဲလက်မှတ် ၂၆၀ ရွက် ယူဆောင်သွားမှာဖြစ်ပြီး ကျွန်တော့်ထံမှာ မဲလက်မှတ် ၂၀ ရွက် ကျန်ရှိမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယသမ္မတ တစ်ဦးကို ဆန္ဒပြုရွေးချယ်ဖို့ ဆန္ဒမဲလက်မှတ်များကို အစည်းအဝေးခန်းမအတွင်းသတ်မှတ်ထားတဲ့ ကောင်တာများမှာရှိတဲ့ဝန်ထမ်းများထံမှ လက်မှတ်ရေးထိုးထုတ်ယူဖို့ဖြစ်ပါတယ်။ ဆန္ဒမဲပေးရာမှာ ရှင်းလင်းလွယ်ကူစေဖို့အတွက် အတန်းလိုက်ဖိတ်ခေါ်သွားမှာဖြစ်ပါတယ်။ ယခုကိုယ်စားလှယ်များရဲ့ ထိုင်ခုံအကန့်လိုက် ရှေ့တည့်တည့်မှာရှိတဲ့စားပွဲမှာ ဆန္ဒမဲလက်မှတ်များကို တစ်ဦးချင်းလက်မှတ်ရေးထိုး ထုတ်ယူပြီး သတ်မှတ်ထားတဲ့နေရာမှာ ဆန္ဒပြုကြဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ ယခု ရှေ့ဆုံး A တန်းမှ ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီခင်ဗျား။

[လွတ်တော်ကိုယ်စားလှယ်များဆန္ဒမဲပေးကြပါသည်။]

ဥက္ကဋ္ဌ။ ။ ယခု B တန်းမှ ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီခင်ဗျား။

[လွတ်တော်ကိုယ်စားလှယ်များဆန္ဒမဲပေးကြပါသည်။]

ဥက္ကဋ္ဌ။ ။ ယခု C တန်းမှ ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီခင်ဗျား။

[လွတ်တော်ကိုယ်စားလှယ်များဆန္ဒမဲပေးကြပါသည်။]

ဥက္ကဋ္ဌ။ ။ ယခု D တန်းမှ ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီခင်ဗျား။

[လွတ်တော်ကိုယ်စားလှယ်များဆန္ဒမဲပေးကြပါသည်။]

ဥက္ကဋ္ဌ။ ။ ယခု E တန်းမှ ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီခင်ဗျား။

[လွတ်တော်ကိုယ်စားလှယ်များဆန္ဒမဲပေးကြပါသည်။]

ဥက္ကဋ္ဌ။ ။ ယခု F တန်းမှ ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီခင်ဗျား။

[လွတ်တော်ကိုယ်စားလှယ်များဆန္ဒမဲပေးကြပါသည်။]

ဥက္ကဋ္ဌ။ ။ ယခု G တန်းမှ ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီခင်ဗျား။

[လွတ်တော်ကိုယ်စားလှယ်များဆန္ဒမဲပေးကြပါသည်။]

ဥက္ကဋ္ဌ။ ။ ယခု ကျွန်တော်ကိုယ်တိုင် ဆန္ဒမဲပေးမှာဖြစ်ပါတယ်ခင်ဗျား။

[ဥက္ကဋ္ဌကိုယ်တိုင် ဆန္ဒမဲပေးပါသည်။]

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယသမ္မတလောင်းများအား ဆန္ဒမဲပေးလို့ပြီးပါပြီ။

ဥက္ကဋ္ဌ။ ။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ (၄) အရ ကိုယ်စားလှယ်များကို ထုတ်ပေးထားတဲ့ဆန္ဒမဲလက်မှတ်အရေအတွက်နဲ့ ဆန္ဒမဲပုံးအတွင်းမှထုတ်ယူရရှိတဲ့ဆန္ဒမဲလက်မှတ်အရေအတွက်တို့ ကိုက်ညီခြင်းရှိ မရှိ ရေတွက်ရမှာဖြစ်ပါတယ်။ အကယ်၍ ထုတ်ပေးထားတဲ့ဆန္ဒမဲလက်မှတ် ၂၆၀ ဖြစ်ပြီး မဲပုံးထဲက

ပြန်ပြီးစိစစ်ရေတွက်တဲ့အရေအတွက်က ၂၆၀ ထက်ပိုနေရင် နောက်တစ်ကြိမ်ပြန်ပြီးရွေးချယ်တင်မြှောက်ရပါမယ်။ ထုတ်သွားတဲ့ဆန္ဒမဲလက်မှတ် ၂၆၀ ရှိတဲ့အနက် မဲပုံးထဲကပြန်ထုတ်တဲ့အခါမှာ ၂၆၀ ထက်လျော့ပြီးရှိနေလျှင်သော်လည်းကောင်း၊ တူညီနေလျှင်သော်လည်းကောင်း ဒီဆန္ဒမဲပေးပွဲအောင်မြင်မှာဖြစ်ပါတယ်။ အခုစတင်ရေတွက်ပါမယ်။

[ဆန္ဒပြုသည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်ပါသည်။]

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ခံပြည်သူ့လွှတ်တော်အစုအဖွဲ့ဝင်ကိုယ်စားလှယ်များကို ထုတ်ပေးထားတဲ့ဆန္ဒမဲလက်မှတ်အရေအတွက် ၂၆၀ မဲဖြစ်ပြီး၊ ယခု ဆန္ဒမဲပုံးအတွင်းမှထုတ်ယူရရှိတဲ့ ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၆၀ မဲဖြစ်တဲ့အတွက် ကိုက်ညီမှုရှိကြောင်းတွေ့ရပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ (၌)၊ နည်းဥပဒေခွဲငယ် (၅) အရ ဆန္ဒမဲပေးပွဲအထမြောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယသမ္မတလောင်းတစ်ဦးရရှိတဲ့ဆန္ဒမဲလက်မှတ်များကို သီးခြားစီခွဲပြီးရေတွက်မှာဖြစ်ပါတယ်။ ပါတီအလိုက်ကိုယ်စားလှယ်များအား ဆန္ဒမဲလက်မှတ်ရေတွက်ရာနေရာသို့ လာရောက်လေ့လာကြည့်ရှုပါရန် ဖိတ်ခေါ်ပါတယ်။

[ဆန္ဒပြုသည့် ဆန္ဒမဲလက်မှတ်များကို သီးခြားစီခွဲ၍ ရေတွက်ကြပါသည်။]

ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသော ပုဂ္ဂိုလ်၏အမည်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၁၉ အရ ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေးရာမှာ ပယ်မဲ ၃ မဲဖြစ်ကြောင်း ကြေညာပါတယ်။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယသမ္မတလောင်းနှစ်ဦးရဲ့ဆန္ဒမဲများကို အားလုံးရဲ့ရှေ့မှောက်မှာ ခွဲခြားရေတွက်လို့ပြီးပါပြီ။ ဆက်လက်ပြီး ဒုတိယသမ္မတလောင်းများရရှိတဲ့ ထောက်ခံဆန္ဒမဲအများအနည်းအလိုက် အမည်စာရင်းကို ကြေညာပါ့မယ်။ (၁) ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရရှိသည့်ထောက်ခံမဲ ၂၄၇ မဲ၊ (၂) ဒေါက်တာကျော်ဆွေ၊ တောင်တွင်းကြီးမဲဆန္ဒနယ်ရရှိသည့် ထောက်ခံမဲ ၁၀ မဲ၊ ဒုတိယသမ္မတရွေးချယ်တင်မြှောက်ပွဲမှာ ထောက်ခံဆန္ဒမဲအများဆုံးရရှိသူကတော့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဖြစ်ပါတယ်။ (သြဘာသံများ)

ဒါကြောင့် နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၂၂ အရ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ဒုတိယသမ္မတအဖြစ်ရွေးချယ်တင်မြှောက်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတအမည်ကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြမည်ဖြစ်ကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၂၇ အရ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်လိုက်တဲ့ဒုတိယသမ္မတရဲ့အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးဒုတိယနေ့ရပ်နားကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

အချိန်၊ ၁၁:၃၅။

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကို ၁၁:၃၅ အချိန်တွင် ရပ်နားပါသည်။]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

ပဉ္စမနေ့မှတ်တမ်း

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၈ ရက်)

(ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးပဉ္စမနေ့ကို နံနက် ၁၀:၀၀ အချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀:၀၀။

အခမ်းအနားမှူး။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့အစီအစဉ် စတင်ပါတော့မယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

ဥက္ကဋ္ဌ။ ။ အားလုံးပဲ မင်္ဂလာနံနက်ခင်းပါခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးပဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးကိုတက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၇၂ ဦး ရှိတဲ့အနက် အစည်းအဝေးကို ၃၆၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကိုတက်ရောက်ခွင့်ရှိတဲ့ ဦးရေစုစုပေါင်းရဲ့ ၉၈.၉၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဋ္ဌမနေ့အစီအစဉ်ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

ဦးစောဝင်းထိန်(ဖာပွန်မဲဆန္ဒနယ်)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ ၈-၄-၂၀၂၆ ရက်နေ့ တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဋ္ဌမနေ့သို့မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးစောဝင်းထိန်၊ ဖာပွန်မဲဆန္ဒနယ်က ခွင့်ပန်ကြား သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၃၇၂ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၆၈ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၄ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများကတော့ -

(၁) ဓနုဖြူမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း ခွင့် ၁ ရက်၊

(၂) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ ခွင့် ၂ ရက်၊

(၃) ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး ခွင့် ၁ ရက်နှင့်

(၄) ဝန်းသိုမဲဆန္နနယ်မှ ဦးစိုးပိုင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အဆိုပါကိုယ်စားလှယ်များ၏ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၇၂ ဦး၊ ယနေ့ ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ချက်များကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့က စတင်ခဲ့ပြီး ယနေ့ ပဉ္စမနေ့အထိ ကျင်းပခဲ့ပါတယ်။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးကိုလည်း ၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့နဲ့ ၃၁ ရက်နေ့တို့မှာ ကျင်းပခဲ့ပါတယ်။ တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ချက်များအနေနဲ့ လွှတ်တော်အစည်းအဝေးပထမနေ့မှာ သဘာပတိ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌရွေးချယ်တင်မြှောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

လွှတ်တော်အစည်းအဝေး ဒုတိယနေ့၊ တတိယနေ့နှင့် စတုတ္ထနေ့တွေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများနှင့်အညီ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနဲ့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွေကို ဖွဲ့စည်းနိုင်ခဲ့ပြီး ကော်မတီအလိုက်လုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းပြီးတဲ့နေ့မှာ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်

ဆိုင်ရာဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ) အရ ၂၄-၂-၂၀၂၆ ရက်နေ့တွင် ဖွဲ့စည်းခဲ့တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ လုပ်ငန်းတာဝန်များကို လွှတ်တော်အခွင့်အရေးကော်မတီက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးတင်ပြပါတယ်။

ဒါ့အပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာများကို အောက်ပါပုဂ္ဂိုလ်များထံမှ ပေးပို့ခြင်းများကိုလည်း လွှတ်တော်က မှတ်တမ်းတင်ခြင်းဆောင်ရွက်နိုင်ခဲ့ပါတယ် -

(က) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ H.E. မစ္စတာကျောင်းလီကျဲ ထံမှ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ခ) ဘယ်လာရုစ်သမ္မတနိုင်ငံ၊ Belaya Rus ပါတီဥက္ကဋ္ဌ မစ္စအော်လဂါချမ်မိုဒါနိုဗာထံမှ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ဂ) ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. မစ္စတာ ဗစ်ခြစ်စလက်ဗာလိုဒင် ထံမှ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာ၊

(ဃ) တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၊ နိုင်ငံတကာရေးရာဌာန၊ ဝန်ကြီးမစ္စတာလျူဟိုင်ရှင်း ထံမှ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာနှင့်

(င) ရုရှားမြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း၊ ဒုတိယဥက္ကဋ္ဌ မစ္စတာ အလက်ဇန္ဒားအိုစထရော့ဗ်စကီးထံမှ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ပေးပို့လာသော သဝဏ်လွှာတို့ဖြစ်ပါတယ်။

ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်ခဲ့ပြီး အမည်စာရင်းအား ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့တင်ပြခဲ့ရာ ယခုဆိုရင် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်ခဲ့တဲ့ ဒုတိယသမ္မတသည် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူအနေနဲ့ တာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း ဂုဏ်ယူဝမ်းမြောက်စွာပြောကြားလိုပါတယ်။ တတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးကာလအတွင်းမှာ လွှတ်တော်အစည်းအဝေးသို့ လေ့လာသူအဖြစ် နိုင်ငံရေးပါတီများမှလာရောက်လေ့လာသူ ၂၃ ဦး၊ ပြည်သူလူထုလေ့လာသူ ၅ ဦးတို့ လာရောက်လေ့လာခဲ့ပါတယ်။

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့ကစပြီး ဧပြီလ ၈ ရက်နေ့အထိ နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့တဲ့ တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးနှင့် ရွေးကောက်ခံပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးတို့ကို ချမှတ်ခဲ့တဲ့ဆုံးဖြတ်ချက်များနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းအပိုင်းနှင့်စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်တွေကတော့ -

(က) သဘာဝတိတင်မြှောက်ခြင်း၊

(ခ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ခြင်း၊

(ဂ) ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း၊

(ဃ) နိုင်ငံတော်သမ္မတအရည်အချင်းစိစစ်ရေးအဖွဲ့တွင်ပါဝင်မည့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရွေးချယ်ခြင်းနှင့် ဒုတိယသမ္မတရွေးချယ်တင်မြှောက်ခြင်းတို့ဖြစ်ပါတယ်။

အတည်ပြုခြင်းအပိုင်းနှင့်စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့ဆုံးဖြတ်ချက်တွေကတော့ -

(က) ဥပဒေကြမ်းကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်းသည့် တင်ပြချက်ကို အတည်ပြုခြင်း၊

(ခ) ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်းသည့်တင်ပြချက်ကို အတည်ပြုခြင်း၊

(ဂ) လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်းသည့်တင်ပြချက်ကို အတည်ပြုခြင်းနှင့်

(ဃ) အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်းသည့်တင်ပြချက်ကို အတည်ပြုခြင်းတို့ဖြစ်ပါတယ်။

ဖွဲ့စည်းခြင်းအပိုင်းနှင့်စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့ဆုံးဖြတ်ချက်တွေအနေနဲ့ -

(က) ဥပဒေကြမ်းကော်မတီ၊

(ခ) ပြည်သူ့ငွေစာရင်းကော်မတီ၊

(ဂ) လွှတ်တော်အခွင့်အရေးကော်မတီနှင့်

(ဃ) အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီဖွဲ့စည်းခြင်းတို့ဖြစ်ပါတယ်။

မှတ်တမ်းတင်ခြင်းအပိုင်းနှင့်စပ်လျဉ်း၍ ချမှတ်ခဲ့တဲ့ဆုံးဖြတ်ချက်များအနေနဲ့-

(က) တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမနေ့အစည်းအဝေးများ တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း၊

(ခ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ပေးပို့လာသည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ ၅ ခုကို မှတ်တမ်းတင်ခြင်း၊

(ဂ) ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးပထမနေ့နှင့် ဒုတိယနေ့အစည်းအဝေးများ တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်းတို့ ဖြစ်ပါတယ်။ တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလနှင့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကျင်းပမယ့် ရက်အတွင်း ဆောင်ရွက်ခဲ့တဲ့ဖော်ပြပါဆောင်ရွက်ချက်များနှင့် ဆုံးဖြတ်ချက်များအား မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှစတင်ခဲ့ရာ ယနေ့ ဧပြီလ ၈ ရက်နေ့မှာ ပြီးဆုံးတော့မှာဖြစ်ပါတယ်။ လွှတ်တော်ဆိုတာ ပြည်သူကိုကိုယ်စားပြုခွင့်ရတဲ့နေရာတစ်ခုဖြစ်ပါတယ်။ လွှတ်တော်အဆောက်အအုံထဲမှာ "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်"ဆိုတဲ့ ဆောင်ပုဒ်တွေကို နေရာအနှံ့အပြားမှာ တွေ့မြင်ရမှာဖြစ်ပါတယ်။ လွှတ်တော်ရဲ့လုပ်ငန်းတာဝန်တွေကို ကြည့်မယ်ဆိုရင်လည်း လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်းနှင့် သမ္မတ၊ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း၊ ပြည်သူလူထုကို ကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများရဲ့ ဆောင်ရွက်ချက်များကို အပြန်အလှန်ထိန်းညှိခြင်းတို့ကို တွေ့ရမှာဖြစ်ပါတယ်။

တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလအတွင်းမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ကို မဲပေးရွေးချယ်တင်မြှောက်ပေးလိုက်တဲ့ ပြည်သူတွေရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ အဲ့ဒီနောက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စု အစိုးရအဖွဲ့နဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို ရွေးချယ်တင်မြှောက်အတည်ပြုဆောင်ရွက်နေကြပြီ ဖြစ်လို့ လွှတ်တော်ရဲ့အဓိကတာဝန်တွေကို အချိန်တိုအတွင်းမှာ အထိုက်အလျောက်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီလို့ဆိုရမှာဖြစ်ပါတယ်။ ဒီဆောင်ရွက်ချက်တွေအတွက် လွှတ်တော်ကိုယ်စားလှယ်များနဲ့

ပြည်သူများအားလုံးကို ပြည်သူ့လွှတ်တော်က ကျေးဇူးတင်၊ ဝမ်းမြောက်၊ ဂုဏ်ယူ၊ မှတ်တမ်းပြုအပ်ပါကြောင်း ဦးစွာပြောကြားလိုပါတယ်ခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီလွှတ်တော်ကို ခေတ္တရပ်နားတော့မှာဖြစ်ပါတယ်။ လွှတ်တော်ရပ်နားနေစဉ်ကာလအတွင်းမှာလည်း ကိုယ်စားလှယ်များအနေနဲ့ ပြည်သူ့ကိုယ်စားလှယ်များဖြစ်တာနဲ့အညီ ရောက်ရှိရာနေရာဒေသတိုင်းမှာ ပြည်သူ့အသံကို နားထောင်ခြင်း၊ ပြည်သူ့အကျိုးကို ဆောင်ရွက်ခြင်း၊ အမျိုးသားအကျိုးစီးပွားကို အလေးအနက်ထားပြီး ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မယ့်ပြည်သူ့ကိုယ်စားလှယ်များဖြစ်စေရန် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် ပြည်သူလူထုရဲ့ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နဲ့ ပြည်သူကိုထာဝရကိုယ်စားပြုနိုင်ရန် အထူးအလေးထားကြိုးစားဆောင်ရွက်သွားကြစေလိုပါတယ်။

ဒါ့အပြင် ပြည်သူတွေရဲ့လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေမယ့် လုပ်ငန်းတာဝန်များကိုလည်း စိတ်ကောင်းစေတနာမှန်နှင့် ဆတက်ထမ်းပိုး ထမ်းဆောင်ကြဖို့လိုတယ်လို့ ရှုမြင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များဟာ နိုင်ငံတော်ရဲ့အဓိကကျတဲ့ မဏ္ဍိုင်ကြီးတစ်ခုလို့ပြောရတဲ့ဥပဒေပြုမဏ္ဍိုင်မှာ ပါဝင်ဆောင်ရွက်နေကြသူတွေဖြစ်လို့ မိမိတို့ဆောင်ရွက်ရမယ့်လုပ်ငန်းတာဝန်လုပ်ပိုင်ခွင့်တွေကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တွေနဲ့အညီ ကိုက်ညီအောင်ကြိုးပမ်းပြီး တာဝန်ကျေပွန်စွာဆောင်ရွက်နိုင်ဖို့ ဥပဒေရေးရာကိစ္စတွေကိုလည်း အချိန်တိုင်းမှာ၊ အားလပ်ချိန်တိုင်းမှာ လေ့လာထားရမှာဖြစ်ပါတယ်။

ကိုယ်စားလှယ်ကြီးများအနေနဲ့ ပြည်သူကရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်တာကြောင့် မိမိကိုယ်စားပြုရာမဲဆန္ဒနယ်မြေ၊ မိမိကိုယ်စားပြုရာမဲဆန္ဒနယ်မြေအတွင်းမှာရှိတဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေနဲ့နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ အရေးကိစ္စတွေကိုအမျှော်အမြင်ရှိစွာနဲ့ဥပဒေနဲ့အညီ အလေးထားကြိုးပမ်းဆောင်ရွက်ကြပြီးတော့ ပြည်သူရဲ့လိုလားချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်တဲ့ မေတ္တာရှင်သူရဲကောင်းတွေဖြစ်အောင် ကြိုးစားဆောင်ရွက်သွားနိုင်ကြဖို့လည်း ယုံကြည်မျှော်လင့်လျက်ရှိပါကြောင်း ပြောကြားလိုပါတယ်ခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီကျရောက်တော့မယ့် ၁၃၈၈ ခုနှစ်၊ မြန်မာ့နှစ်သစ်ကူးအခါသမယမှာ ပျော်ရွှင်ကျန်းမာစွာဖြတ်သန်းနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ တတိယအကြိမ်ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးမှာ ကျန်းမာရွှင်လန်းစွာနဲ့ကိုယ်စားလှယ်များအားလုံးကို ပြန်လည်ဆုံတွေ့ကြပါစို့လို့ဆန္ဒပြုရင်းနိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ရုပ်နားကြောင်းနှင့် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ရုပ်နားပါမယ်။ တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးပြီးစီးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

အချိန်၊ ၁၀:၁၇။

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးပဉ္စမနေ့ကို ၁၀:၁၇ အချိန်တွင် အောင်မြင်စွာ ကျင်းပပြီးစီးပါသည်။]



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်မှ ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်အထိ (ခရစ်သက္ကရာဇ် ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၈ ရက်အထိ) နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးနှင့် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးက အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်လိုက်သည်-

ရွေးကောက်တင်မြှောက်ခြင်း

ရွေးကောက်တင်မြှောက်ခြင်းအမှတ် ၁-၁/ ၂၀၂၆။ သဘာပတိတင်မြှောက်ခြင်း

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်) တွင် ကျင်းပသည့် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးပထမနေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာနန္ဒကျော်စွာအား ပြည်သူ့လွှတ်တော် သဘာပတိအဖြစ် တင်မြှောက်သည်။

ရွေးကောက်တင်မြှောက်ခြင်းအမှတ် ၂-၁/ ၂၀၂၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်) တွင် ကျင်းပသည့် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးပထမနေ့၌ မန္တလေးတိုင်းဒေသကြီး၊ ဇေယျာသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ရီအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်သည်။

ရွေးကောက်တင်မြှောက်ခြင်းအမှတ် ၃-၁/ ၂၀၂၆။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်) တွင် ကျင်းပသည့် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးပထမနေ့၌ မန္တလေးတိုင်းဒေသကြီး၊

တပ်ကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်းအား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်သည်။

ရွေးကောက်တင်မြှောက်ခြင်းအမှတ် ၄-၁/ ၂၀၂၆။ **နိုင်ငံတော်သမ္မတအရည်အချင်းစိစစ်ရေးအဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်) တွင် ကျင်းပသည့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်စိုးအား နိုင်ငံတော်သမ္မတအရည်အချင်းစိစစ်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်သည်။

ရွေးကောက်တင်မြှောက်ခြင်းအမှတ် ၅-၁/ ၂၀၂၆။ **ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်) တွင် ကျင်းပသည့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့၌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။

အတည်ပြုခြင်း

အတည်ပြုခြင်းအမှတ် ၁-၁/၂၀၂၆။ **ဥပဒေကြမ်းကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့်စပ်လျဉ်းသည့် တင်ပြချက်ကို အတည်ပြုခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်) တွင် ကျင်းပသည့် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့၌ ဥပဒေကြမ်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းရန်တင်ပြချက်ကိုလည်းကောင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်းသည့် တင်ပြချက်ကိုလည်းကောင်း အတည်ပြုသည်။

အတည်ပြုခြင်းအမှတ် ၂-၁/၂၀၂၆။ **ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့်စပ်လျဉ်းသည့် တင်ပြချက်ကို အတည်ပြုခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်) တွင် ကျင်းပသည့် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့၌ ပြည်သူ့ငွေစာရင်း

ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းရန်တင်ပြချက်ကိုလည်းကောင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်းသည့်တင်ပြချက်ကို လည်းကောင်း အတည်ပြုသည်။

အတည်ပြုခြင်းအမှတ် ၃-၁/၂၀၂၆။ **လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်းသည့် တင်ပြချက်ကို အတည်ပြုခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်) တွင် ကျင်းပသည့် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့၌ လွှတ်တော်အခွင့်အရေး ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းရန်တင်ပြချက်ကိုလည်းကောင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်းသည့်တင်ပြချက်ကို လည်းကောင်း အတည်ပြုသည်။

အတည်ပြုခြင်းအမှတ် ၄-၁/၂၀၂၆။ **အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်းသည့်တင်ပြချက်ကို အတည်ပြုခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်) တွင် ကျင်းပသည့် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့၌ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းရန် တင်ပြချက်ကို လည်းကောင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေး များနှင့်စပ်လျဉ်းသည့်တင်ပြချက်ကိုလည်းကောင်း အတည်ပြုသည်။

ဖွဲ့စည်းခြင်း

ဖွဲ့စည်းခြင်းအမှတ် ၁-၁/၂၀၂၆။ **ဥပဒေကြမ်းကော်မတီဖွဲ့စည်းခြင်း**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်) တွင် ကျင်းပသည့် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့၌ ဥပဒေကြမ်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းသည်-

(၁)	ဒေါက်တာနန္ဒကျော်စွာ	ဒဂုံမဲဆန္ဒနယ်	ဥက္ကဋ္ဌ
(၂)	ဒေါ်သန်းသန်းအေး	သဃ်ိန်းကျွန်းမဲဆန္ဒနယ်	အဖွဲ့ဝင်

(၃)	ဦးစိုးတင့်အောင်	ရေဦးမဲဆန္နနယ်	အဖွဲ့ဝင်
(၄)	ဦးတင့်လွင်	နတ်တလင်းမဲဆန္နနယ်	အဖွဲ့ဝင်
(၅)	ဒေါက်တာထွန်းထွန်းဝင်း	ဆိပ်ကြီး/ခနောင်တိုမဲဆန္နနယ်	အဖွဲ့ဝင်
(၆)	ဦးတင်ရွှေ	ရွှေတောင်မဲဆန္နနယ်	အဖွဲ့ဝင်
(၇)	ဦးသန့်ဇော်	ကွမ်းခြံကုန်းမဲဆန္နနယ်	အဖွဲ့ဝင်
(၈)	စိုင်းဝန်းဆမ်	မိုင်းခတ်မဲဆန္နနယ်	အဖွဲ့ဝင်
(၉)	ဦးဇော်မင်း	ကျုပျော်မဲဆန္နနယ်	အဖွဲ့ဝင်
(၁၀)	ဦးနိုင်မင်းဦး	ကြံခင်းမဲဆန္နနယ်	အဖွဲ့ဝင်
(၁၁)	နန်းကျင်း(ခ)နန်းစိန်	တောင်ကြီးမဲဆန္နနယ်	အဖွဲ့ဝင်
(၁၂)	ဦးနိုင်နိုင်ကျော်	ဟုမ္မလင်းမဲဆန္နနယ်	အဖွဲ့ဝင်
(၁၃)	ဗိုလ်မှူးချုပ်ဝင်းမြိုင်	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင်
(၁၄)	ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင်
(၁၅)	ဦးသိန်းထွန်းဦး	အမရပူရမဲဆန္နနယ်	အတွင်းရေးမှူး

ဖွဲ့စည်းခြင်းအမှတ် ၂-၁/၂၀၂၆။ ပြည်သူ့ဌေစာရင်းကော်မတီဖွဲ့စည်းခြင်း

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်) တွင် ကျင်းပသည့် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့၌ ပြည်သူ့ဌေစာရင်း ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းသည်-

(၁)	ဦးတေဇကျော်	အောင်မြေသာစံမဲဆန္နနယ်	ဥက္ကဋ္ဌ
(၂)	ဦးထွန်းထွန်းအောင်	မိုးကောင်းမဲဆန္နနယ်	အဖွဲ့ဝင်
(၃)	ဦးမြတ်ကျော်	ကန့်ဘလူမဲဆန္နနယ်	အဖွဲ့ဝင်
(၄)	ဦးတင့်ဆွေ	ဆင်ပေါင်ဝဲမဲဆန္နနယ်	အဖွဲ့ဝင်
(၅)	ဦးကိုကိုသင်း	ကမာရွတ်မဲဆန္နနယ်	အဖွဲ့ဝင်
(၆)	ဒေါ်ခင်စောမူ	ကန်ကြီးထောင့်မဲဆန္နနယ်	အဖွဲ့ဝင်
(၇)	ဦးညွန့်ဆောင်	ရမည်းသင်းမဲဆန္နနယ်	အဖွဲ့ဝင်

(၈)	ဦးခင်မောင်ဝင်း	မော်လမြိုင်ကျွန်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၉)	ဒေါက်တာပွင့်ဆန်း	ရပ်စောက်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၀)	ဦးမြင့်စိုး	လေးမျက်နှာမဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၁)	ဦးသန်းရွှေ	သံဖြူဇရပ်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၂)	ခွန်လှသိန်း	ဆီဆိုင်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၃)	ဗိုလ်မှူးချုပ်စိုးညွန့်	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင်
(၁၄)	ဗိုလ်ကြီးဒေါ်ယမင်းအောင်	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင်
(၁၅)	ဦးတင်အောင်ချစ်	အောင်လံမဲဆန္ဒနယ်	အတွင်းရေးမှူး

ဖွဲ့စည်းခြင်းအမှတ် ၃-၁/၂၀၂၆။ လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းခြင်း

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်) တွင် ကျင်းပသည့် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့၌ လွှတ်တော်အခွင့်အရေး ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းသည်-

(၁)	ဦးမောင်မောင်အုန်း	တပ်ကုန်းမဲဆန္ဒနယ်	ဥက္ကဋ္ဌ
(၂)	ဒေါက်တာကျော်ဦး	တောင်ငူမဲဆန္ဒနယ်	အဖွဲ့ဝင်
(၃)	ဦးလှဆွေ	ပုဗ္ဗသီရိမဲဆန္ဒနယ်၊	အဖွဲ့ဝင်
(၄)	ဦးအောင်ဇော်မိုး (ခ) အောင်ဇော်မိုးထွန်း၊	မူဆယ်မဲဆန္ဒနယ်၊	အဖွဲ့ဝင်
(၅)	ဦးအောင်မျိုးသန်း	ကော့မှူးမဲဆန္ဒနယ်	အဖွဲ့ဝင်
(၆)	ဒေါ်သိဂီမြင့်ရည်	ဒိုက်ဦးမဲဆန္ဒနယ်	အဖွဲ့ဝင်
(၇)	ဒေါ်စိုးစိုးရီ	ဖျာပုံမဲဆန္ဒနယ်	အဖွဲ့ဝင်
(၈)	ဦးစိုးနိုင်	မင်းတုန်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၉)	ဦးစောဝင်းထိန်	ဖာပွန်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၀)	ဦးသန်းနိုင်	ဝါးခယ်မမဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၁)	ဦးစိုးဝင်း	မြို့သစ်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၂)	ဦးဂုဏ်ဝမ်း	ခန္တီးမဲဆန္ဒနယ်	အဖွဲ့ဝင်

(၁၃)	ဗိုလ်ချုပ်ရဲကျော်သူ	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင်
(၁၄)	ဒုတိယဗိုလ်မှူးကြီး တင်သောင်းလင်း	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင်
(၁၅)	ဒေါက်တာကျော်ကျော်ဌေး	ထားဝယ်မဲဆန္ဒနယ်	အတွင်းရေးမှူး

ဖွဲ့စည်းခြင်းအမှတ် ၄-၁/၂၀၂၆။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းခြင်း

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်) တွင် ကျင်းပသည့် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့၌ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းသည်-

(၁)	ဦးသန်းထွန်းဦး	ကျိုင်းတုံမဲဆန္ဒနယ်	ဥက္ကဋ္ဌ
(၂)	ဦးမင်းခန့်ကျော်	ပဲခူးမဲဆန္ဒနယ်	အဖွဲ့ဝင်
(၃)	ဦးခင်မောင်ထွန်း	ဖောင်းပြင်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၄)	ဦးအောင်လင်းလှိုင်	ဘုတ်ပြင်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၅)	ဦးအောင်ကျော်နှင်း	ကျွန်းစုမဲဆန္ဒနယ်	အဖွဲ့ဝင်
(၆)	ဒေါက်တာနန္ဒာလှမြင့်	ကလောမဲဆန္ဒနယ်	အဖွဲ့ဝင်
(၇)	ဦးအောင်ကိုလတ်	တမူးမဲဆန္ဒနယ်	အဖွဲ့ဝင်
(၈)	ဦးတိုးဝင်း	တောင်သာမဲဆန္ဒနယ်	အဖွဲ့ဝင်
(၉)	ဒေါ်ဆွေဆွေသင်း	ပေါင်းတည်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၀)	ဦးဉာဏ်ဝင်းထိုက်	ဗိုလ်တထောင်မဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၁)	ဒေါ်စမ်းစမ်းဌေး	ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၂)	ဒေါက်တာထိန်ဝင်း	ကျောင်းကုန်းမဲဆန္ဒနယ်	အဖွဲ့ဝင်
(၁၃)	ဗိုလ်မှူးချုပ်အောင်စိုး	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင်
(၁၄)	ဒုတိယဗိုလ်မှူးကြီးလှနိုင်	တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင်
(၁၅)	ဦးသန်းထွန်း	ပုသိမ်မဲဆန္ဒနယ်	အတွင်းရေးမှူး

မှတ်တမ်းတင်ခြင်း

မှတ်တမ်းတင်ခြင်းအမှတ် ၁-၁/၂၀၂၆။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်) တွင် ကျင်းပသည့် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးပထမနေ့၌ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၃၇၃ ဦးရှိပြီး၊ ၃၇၃ ဦး တက်ရောက်၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၂-၁/၂၀၂၆။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၃ ရက်) တွင် ကျင်းပသည့် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးဒုတိယနေ့၌ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၃၇၃ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၂ ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၃-၁/၂၀၂၆။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်) တွင် ကျင်းပသည့် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့၌ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၃၇၃ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၂ ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၄-၁/၂၀၂၆။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်) တွင် ကျင်းပသည့် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့၌ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၃၇၃ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၃ ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၅-၁/၂၀၂၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာများကို မှတ်တမ်းတင်ခြင်း

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်) တွင် ကျင်းပသည့် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ

ထံသို့ပေးပို့လာသော အောက်ဖော်ပြပါဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာများကို လွှတ်တော်က မှတ်တမ်းတင်သည်-

- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ H.E. မစ္စတာကျောင်းလီကျဲ ထံမှ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင်ပေးပို့လာသော သဝဏ်လွှာ၊
- ဘယ်လာရုစ်နိုင်ငံ၊ Belaya Rus ပါတီဥက္ကဋ္ဌ မစ္စအော်လ်ဂါချမ်မိုဒါနိုဗာထံမှ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင်ပေးပို့လာသော သဝဏ်လွှာ၊
- ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. မစ္စတာဗစ်ခြစ်စလက်ဗာလိုဒင် ထံမှ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင်ပေးပို့လာသော သဝဏ်လွှာ၊
- တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၊ နိုင်ငံတကာရေးရာဌာန၊ ဝန်ကြီးမစ္စတာလျီဟိုင်ရှင်း ထံမှ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင်ပေးပို့လာသော သဝဏ်လွှာ၊
- ရုရှားမြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း၊ ဒုတိယဥက္ကဋ္ဌ မစ္စတာ အလက်ဇန္ဒားအိုစထရော့ဗ်စကီးထံမှ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင်ပေးပို့လာသော သဝဏ်လွှာ။

မှတ်တမ်းတင်ခြင်းအမှတ် ၆-၁/၂၀၂၆။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးပထမနေ့ တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်) တွင် ကျင်းပသည့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးပထမနေ့၌ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၂၆၃ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၂ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၇-၁/၂၀၂၆။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်) တွင် ကျင်းပသည့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးဒုတိယနေ့၌ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၂၆၃ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၃ ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၈-၁/၂၀၂၆။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် (၂၀၂၆ ခုနှစ်၊ ဧပြီလ ၈ ရက်) တွင် ကျင်းပသည့် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးပဋ္ဌမနေ့၌ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၃၇၂ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၄ ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်သည်။

ခင်ရီ

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ရက်